

မိုးဓား၊နေဓား
နက္ခတ်ဓား
ပ+ဒု
ဓာတ်သိမ်း

ရဲမြင်းပါဂိန်း

# မိုးများ၊ နေများ၊ နက္ခတ်များ

ဒုတိယပိုင်း (ဇာတ်သိမ်း)

## ပြည်သူ့သဘောထား

✲ ပြည်ပအားကိုး ပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✲ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✲ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✲ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အခန်း ( ၁၆ )

တုမုရန်၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ပြည့်နှက်နေသည်။

သူသည် စင်းစင်း၏ နောက်ကျောကို ကြည့်ပြီး…

'သမီး ဖေဖေ ရှင်းပြပါရစေ'

စင်းစင်း ခေါင်းခါယမ်းလိုက်ပြီး…

'မလိုပါဘူး'

'ဖေဖေမှားပါတယ်။ ဖေဖေ့ကို ခွင့်လွှတ်ပါ သမီးရယ်'

စစ်းစင်းပါးစပ် ပိတ်ထားလိုက်သည်။

တုမုရန်၏ ဝမ်းနည်းကြေကွဲသောအသံကို ကြားလိုက်ရသောအခါ သူမ၏ စိတ်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်ကို ခံစားလိုက်ရသည်။

'ကျွန်မ ဘယ်လိုလုပ်ရမလဲ။ ကျွန်မ ဖေဖေအရင်းက

သေသွားပြီ။ သတ်လိုက်တဲ့သူက တစ်သက်လုံး အမေအရင်းလို့ ထင်မှတ်လာတဲ့လူ ဖြစ်နေတယ်'

တစ်ယောက်တည်း ရေရွတ်လိုက်သည်။

'ပိုးကျူးထွက်သွားပြီး သမီးကပါ ထွက်သွားမယ်ဆိုရင် ...'

သူသည် စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်ပြီး စင်းစင်းအား လှမ်းကြည့်လိုက်သည်။

စင်းစင်းက မလှုပ်မယှက် ရှိနေသည်။

တုမုရန် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'သမီး ထွက်သွားစရာ မလိုပါဘူးကွယ်'

သူသည် ထိုသို့ ပြောပြီးသည်နှင့် ထိုနေရာမှ ပြေးလွှား ထွက်ခွာသွားပေသည်။

တုမုရန် ပျောက်ကွယ်သွားမှ စင်းစင်း အားရပါးရ ငိုချလိုက်သည်။

အချိန်အတော်ကြာ ငိုကြွေးနေသည်။ မိမိရှေ့တွင် လူတစ်ယောက်က ငြိမ်သက်စွာရပ်နေသည်ကို တွေ့မြင်လိုက်ရမှ ငိုကြွေးခြင်းကို ရပ်တန့်လိုက်သည်။

စင်းစင်း မျက်ရည်များဖြင့် ရပ်နေသောသူအား ကြည့်





လိုက်သောအခါ ထိုသူမှာ ချူးရှန်ဖြစ်နေကြောင်း တွေ့လိုက်ရသည်။ စင်းစင်းပါးစပ်မှ ...

'ချူးရှန်'

လွှတ်ခနဲ ခေါ်လိုက်သည်။

ချူးရှန်သက်ပြင်းတစ်ချက်ချရင်း ခေါင်းညိတ်လိုက် သည်။

'ရှင်ဘာဖြစ်လို့ ပြန်လာတာလဲ'

ချူးရှန် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

'ရှင် ကျွန်မဖေဖေကို သတ်မလို့ မဟုတ်လား'

ချူးရှန်ပါးစပ်ပိတ်ထားသည်။ အတန်ကြာမှ လေသံတိုးတိုးဖြင့် ...

'သတ်စရာမလိုတော့ပါဘူး။ စိတ်ဓာတ်ကျဆင်းသွားတဲ့လူဟာ သေသွားတာထက်တောင် ဆိုးရွားသေးတယ်'

စင်းစင်း ငိုင်နေသည်။ သူမသည် တုမုရန်အပေါ် သံယောဇဉ် မပြတ်နိုင်ပါ။ သူမသည် အသံမာမာဖြင့် ...

'ဘာပဲဖြစ်ဖြစ် သူက ကျွန်မဖေဖေပဲ။ ရှင်က သူ့ကို ဒုက္ခပေးရင် ကျွန်မ ကြည့်နေမှာ မဟုတ်ဘူး'

ချူးရှန်က ပြုံးလိုက်ရင်း...

'ကျုပ်ဆရာတွေက အယူအဆလွဲမှားနေတယ်လို့ ကျုပ် သံသယဖြစ်လာတယ်။ တုမုရန်ဟာ ကျုပ်အဖေကို သတ်ပစ်တယ်ဆိုတာ ဟုတ်မဟုတ် သေသေချာချာ စုံစမ်းပြီးမှ တုမုရန်နဲ့ ရင်ဆိုင်မယ်'

စင်းစင်း ငေးနေသည်။

'အမှန်ပြောရရင် စစ်ထန်စစ် ပြောသွားတဲ့ စကားတွေက မှန်တယ်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို တိုင်းတစ်ပါးသားတွေ လွှမ်းမိုးလာမှာ ကျုပ်လဲ မလိုလားဘူး။ ဒါကြောင့် သခင်လေး ကျန်းယိမင်းကို သစ္စာမခံတော့ဖို့ ကျုပ်ဆရာတွေကို ရှင်းပြရမယ်'

စင်းစင်း ဝမ်းသာသွားသည်။

'ဒါဆို ကျွန်မဖေဖေနဲ့ ရန်မဖြစ်တော့ဘူးပေါ့'

ချူးရှန်က သဘောကျစွာ ပြုံးလိုက်သည်။

'အခုဆိုရင် တုမုရန်ဟာ သိုင်းလောကကို လွှမ်းမိုးဖို့ရယ်၊ ဝမ်းမုနယ်စားဆီမှာ အမှုထမ်းဖို့ရယ်ဆိုတဲ့ အကြံတွေကို စွန့်လွှတ်လိုက်ရောပေါ့'

'ရှင် ဒီစကား ဘာကြောင့် ပြောနိုင်တာလဲ'

'သူက ကျော်ကြားတဲ့သိုင်းသမားတစ်ယောက် မဟုတ်





လား။ ဒါကြောင့် အဆိပ်မိတဲ့ လူတစ်ယောက်ကို အနိုင်ယူလိုက်တာ သိပ်ရှက်စရာကောင်းတယ်။ ဘဝ တစ်လျှောက်လုံး အနစ်နာခံခဲ့တဲ့ ဇနီးကလဲ ထွက်သွားတယ်။ သမီးဖြစ်သူကလဲ ဖအေအရင်းမဟုတ်မှန်း သိသွားတော့ သူဟာ အရာရာကို စိတ်ပျက်သွားမယ်ဆိုတာ သေချာပါတယ်'

စင်းစင်း ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

'ရှင်က ဒါတွေအားလုံး သိပြီးပြီ ဟုတ်လား'

'ဟုတ်တယ်'

'ရှင် ဘာဖြစ်လို့ တောင်ပေါ်ကို နောက်တစ်ကြိမ် တက်လာရတာလဲ'

'ကျုပ်အတွက် စန့်ကွမ်းထင်း ဒုက္ခရောက်ရတယ်။ ဒါကြောင့် ကျုပ်က သူ့ကို ကယ်တင်ပေးမှဖြစ်မယ်။ နောက်တော့...'

စင်းစင်း စိတ်ဝင်စားသွားပြီး...

'နောက်ပြီးတော့ ဘာဖြစ်လဲ'

ချူးရှန် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'ကျုပ် ညီမကို နောက်တစ်ကြိမ် တွေ့ချင်သေးလို့ပါ'

စင်းစင်း ခေါင်းငုံ့ထားလိုက်သည်။

သူမ၏ မျက်နှာ တစ်ခုလုံးသည် ရှက်လွန်းသဖြင့် နီရဲနေသည်။ ချူးရှန်က သူမအား မျက်တောင်မခတ် စိုက်ကြည့်၍ နေသည်။

စင်းစင်းက မနေနိုင်တော့ဘဲ...

'ရှင် ဘာဖြစ်လို့ ဒီလောက်ကြည့်နေတာလဲ'

သူမ၏ စကားကြောင့် ချူးရှန် ရှက်သွားသည်။ စကား အထစ်ထစ်ဖြင့်...

'မဟုတ်ပါဘူး'

စင်းစင်းသည် သူ့အပေါ်မှာ သံယောဇဉ်ရှိကြောင်း သူ သိလိုက်သည်။

ရုတ်တရက်...

စင်းစင်းက ခေါင်းမော့လိုက်ပြီး...

'ရှင့်ချစ်သူ ဆူမှာ မကြောက်ဘူးလား'

'ညီမ ဘာကို ဆိုလိုတာလဲ'

'ရှင့်မှာ ချစ်သူရှိတယ် မဟုတ်လား'

'မရှိပါဘူး'

စင်းစင်း မျက်နှာထားတည်တည်ဖြင့်...

'ရှင့်မှာ ချစ်သူရှိတာ ကျွန်မသိတယ်'





ချူးရှန် မျက်လုံးပြူးပြီး...

'ဘုရားရေ ညီမ ဘာတွေ လျှောက်ပြောနေတာလဲ'

'ရှင့်မှာ ချစ်သူရှိတယ်ဆိုတာ စန့်ကွမ်းထင်က ကျွန်မကို ပြောပြီးပြီ'

ထိုစကားကြားရသောအခါ ချူးရှန် ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

'ဘယ်လိုလဲ ရှင် ငြင်းချင်သေးလား'

'သူက လိမ်ပြောလို့ပျ'

'သူ လိမ်ပြောတာ မဖြစ်နိုင်ဘူး'

'ဟုတ်တယ်။ သူ လိမ်ပြောတာဗျ'

စင်းစင်းကသာ သဘောကျစွာပြုံးလိုက်ပြီး...

'ဒါဖြင့် အိလန်က ရှင့်နောက်ကို လိုက်နေတယ်ဆိုတာ မဟုတ်ဘူးပေါ့'

အိလန်အမည်ကို ကြားရသည်နှင့် ချူးရှန် ပါးစပ်ပိတ်ထားသည်။

'ကျွန်မဖေဖေနဲ့တိုက်တုန်းက ရှင့်ကို ကယ်တင်သွားတဲ့ လူဟာ အမျိုးသမီးတစ်ယောက်ဆိုတာ ကျွန်မမြင်လိုက်တယ်'

ချူးရှန် မတတ်နိုင်တော့ပါ။ အခြေအနေကို အစအဆုံး ရှင်းပြလိုက်လေသည်။

* * *

စင်းစင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း စန့်ကွမ်းထင်းက သူ့ကိုယ်ထက်ပိုပြီး အီလန်ကို ချစ်နေပါလား'

'ဟုတ်တယ်။ ဒါပေမယ့် တစ်ခု ထူးဆန်းတာက သူ ဘာကြောင့် အသက်စွန့်ပြီး အစ်ကို့အသက်ကို ကယ်ရတာလဲ'

စင်းစင်းက ပြုံးလိုက်ပြီး...

'အစ်ကို လွတ်မြောက်သွားရင် အီလန်ကို ကျိန်းသေ ရှာတွေ့နိုင်မယ်ဆိုတာ သိလို့နေမှာပေါ့'

ချူးရှန်က...

'အစ်ကိုက လွတ်မြောက်သွားပေမယ့် ဒီတောင်ပေါ်ကို ပြန်လာမယ်ဆိုတာ မသိလို့ နေမှာပေါ့။ တုမုရန်က အစ်ကို့ကို သတ်ပစ်ပါစေ။ အစ်ကိုက နောက်တစ်ကြိမ် တောင်ပေါ်ကို လာမှာပဲ'

စင်းစင်း ခေါင်းမော့လိုက်သည်။





'ညီမ သဘောပေါက်ပါပြီ။ ဒါဆိုရင် အစ်ကိုက စန့်ကွမ်းထင်းနဲ့ ဘာထူးခြားမှာလဲ'

ချူးရှန်က ပြုံးလိုက်ပြီး...

'ညီမသဘောပေါက်ရင် အစ်ကို ကျေနပ်ပါပြီ။ ဒါထက် စန့်ကွမ်းထင်းက ဘယ်မှာရှိလဲ ညီမ သိလား'

စင်းစင်းက ခေါင်းညိတ်ပြလိုက်သည်။

'သိပါတယ်'

'သူ ဘယ်မှာလဲ'

'သူ့ကို ဖေဖေက အနောက်ဘက်အခန်းထဲမှာ ဖမ်းထားတယ်ရှင့်'

ချူးရှန်က နားမလည်နိုင်စွာဖြင့်...

'သူ့ကို ဘာကြောင့် ဖမ်းထားရတာလဲ'

'ကျွန်မဖေဖေက ဓားသိုင်းကျမ်း သူ့ဆီမှာ ရှိတယ်ဆိုတဲ့သတင်း မပေါက်ကြားစေချင်လို့ပေါ့'

'ဒီသတင်းကို သိုင်းလောကတစ်ခုလုံး သိထားတယ် မဟုတ်လား'

'ဒါ လျှို့ဝှက်ချက်ပဲ လူတစ်စုကလွဲလို့ တခြားဘယ်သူကမှ မသိကြဘူးရှင့်'

'အဲဒါ သိထားတဲ့ လူတော်တော် များသလား'

'သိပ်မများပါဘူးရှင်'

'ကောင်းပြီ။ ကျုပ်တို့ စန့်ကွမ်းထင်းကို အရင် သွားကယ်ရမယ်'

စင်းစင်းက ခေါင်းခါယမ်းလိုက်သည်။

'သူ့ကို ကယ်လို့ဖြစ်မှာ မဟုတ်ဘူးရှင့်'

'ဘာဖြစ်လို့လဲ'

'သူ လက်ခံမှာ မဟုတ်ဘူး'

ချူးရှန် မျက်မှောင်ကြုတ်သွားပြီး...

'ညီမက သူနဲ့ တွေ့ပြီးပြီလား'

'ဟုတ်တယ်။ ကျွန်မဖေဖေရဲ့ လုပ်ရပ်တွေမကြိုက်လို့ သူ့ကို သွားလွှတ်ပေးလိုက်တယ်။ ဒါပေမယ့် သူက ထွက်မသွားဘူးရှင့်'

'ဘာ သူက ထွက်မသွားဘူး ဟုတ်လား'

စင်းစင်းက ခေါင်းညိတ်လိုက်ပြီး...

'ဟုတ်တယ်။ ကိုယ်တိုင်ကြိုးစားပြီးမှ ထွက်မယ်လို့ ပြောတယ်။ နောက်ပြီး ဖေဖေ့ကိုလဲ မကျေနပ်ဘူးလို့ ပြောတယ်'





ချူးရှန် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'သူက နားလည်ဖို့ခက်တဲ့ လူတစ်ယောက်ပဲ။ ဒါနဲ့ ညီမ ပြန်လာခဲ့တယ် ဟုတ်လား'

'ဟုတ်တယ်ရှင့်။ ကျွန်မ သူ့ကို ဘယ်လိုမှ ဖျောင်းဖျ ပြောဆိုလို့ မရမှ ပြန်လာခဲ့တာ'

'ဘာပဲဖြစ်ဖြစ်၊ ကျုပ်တို့က သူ့ကို သွားတွေ့လိုက်ရင် ကောင်းမယ်'

စင်းစင်းက...

'အစ်ကို့ သဘောပဲ'

သူမသည် ပြောပြီးသည်နှင့် ရှေ့မှ လမ်းပြ၍ ခေါ်ဆောင်သွားလေသည်။

ချူးရှန်က နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေသည်။ လမ်းကလေးသည် ရှည်လျားခြင်း မရှိသော်လည်း ကွေ့ကောက်နေသည်။ ထိုလမ်းကလေး ကျော်သည်နှင့် ခိုင်ခံ့စွာ ဆောက်ထားသော အိမ်ကလေးတစ်လုံးကို တွေ့ရသည်။ အိမ်ကလေးသည် အလွန် သေးငယ်သော်လည်း လေးဖက်လေးတန် အုတ်နံရံများ ကာရံထားပြီး၊ တံခါးမှာလည်း ထူထဲသော သစ်သားတစ်ချပ်ဖြစ်သည်။

စင်းစင်း အိမ်ကလေးရှိရာသို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားပြီး…

'အဲဒီအထဲမှာ စန့်ကွမ်းထင်း ရှိတယ်'

ချူးရှန်က သက်ပြင်းချပြီး၊ တံခါးကို ကြည့်လိုက်သည်။ စင်းစင်းက ပြုံးပြီး…

'မပူပါနဲ့ ကျွန်မမှာ သော့ပါလာတယ်'

စင်းစင်းက သော့ဖွင့်ဟန် ပြင်လိုက်သည်။

'နေဦး'

ချူးရှန် ကပျာကယာ ဟန့်တားပြီး စင်းစင်း၏ ကိုယ်ကို ဆွဲယူကာ နောက်သို့ ခုန်ဆုတ်လိုက်သည်။

ထိုစဉ်မှာပင်…

အသံတစ်သံ ထွက်ပေါ်လာကာ သစ်သားတံခါးမကြီးသည် ပြိုကျသွားလေတော့သည်။

▼ ▢ ▼



## အခန်း (၁၇)

သစ်သားတံခါးကြီးက ပြိုလဲကျသွားသည်။

ချူးရှန်က ပါးစပ်ဟောင်းလောင်း ဖြစ်နေသည်။ စင်းစင်းမှာ မယုံကြည်နိုင်စွာ မျက်လုံးကို ပွတ်၍ ကြည့်နေ၏။ သူမသည် ခေါင်းယမ်းလိုက်ပြီး…

'မဖြစ်နိုင်ဘူး'

ထပ်တလဲလဲ ရေရွတ်နေမိသည်။

ဤမျှ ခိုင်မာသော တံခါးက မည်သည့်အကြောင်းကြောင့် ပြိုလဲသွားရသနည်း။

ချူးရှန်က မျက်မှောင်ကြုတ်ပြီး…

'ညီမ အထဲ ဝင်ကြည့်ကြရအောင်'

သူသည်ပြောပြီး အိမ်ကလေးအတွင်းသို့ ခုန်ဝင်လေသည်။ စင်းစင်းလည်း ကပျာကယာ လိုက်ဝင်လိုက်သည်။

အခန်းထဲတွင် ရှင်းလင်းနေသည်။ ချူးရှန်သည် အခန်းတစ်ခုလုံးကို ကြည့်လိုက်ပြီး…

'စန့်ကွမ်းထင်း'

ခေါ်လိုက်သော်လည်း စန့်ကွမ်းထင်း တစ်ယောက် မရှိတော့မှန်း သိပါသည်။ စင်းစင်း မျက်လုံးပြူးသွားပြီး…

'သူ ဘယ်ရောက်သွားပြီလဲ'

'မသိပါဘူး'

စင်းစင်း စဉ်းစားနေသည်။

'သူ ဘယ်လိုလုပ် ထွက်ပြေးနိုင်တာလဲ။ တံခါးကို ရိုက်ချိုးပြီး ထွက်သွားတာလား'

ချူးရှန် စဉ်းစားလိုက်ပြန်သည်။

'မဖြစ်နိုင်ဘူး ညီမ၊ စန့်ကွမ်းထင်းက တံခါး ဖျက်ဆီးပစ်ဖို့ အတွင်းအား မပြည့်သေးဘူး'

သူသည် ပြောရင်း မြေပေါ်တွင် ပြိုလဲနေသောတံခါးကို ညွှန်ပြရင်း…

'တံခါး ပြိုကျသွားအောင် လုပ်နိုင်တဲ့လူဟာ အတွင်းအား အလွန်ကောင်းတဲ့လူ ဖြစ်ရမယ်'





စင်းစင်း ပြိုလဲနေသောတံခါးကိုကြည့်ပြီး အံ့သြနေသည်။ ဤမျှ ထူထဲသောတံခါးကို ပြိုလဲနိုင်ရန် လွယ်ကူသောကိစ္စမဟုတ်။

'ကျုပ်တို့ ဒီရောက်လာတော့ တံခါးက အကောင်းပကတိရှိနေသေးတယ်။ သူက ထိမိလိုက်တာနဲ့ ပြိုလဲသွားတာ မထူးဆန်းဘူးလား'.

စင်းစင်း ပါးစပ်ပိတ်ထားသည်။

ချူးရှန်က…

'ဒီလိုဖြစ်လာအောင်လုပ်ဖို့က တံခါးကြီးကို အလွန်ကြီးမားတဲ့အတွင်းအားနဲ့ ဖျက်ဆီးဖို့ပဲ ရှိတယ်။ ဒါမှ တံခါး ပျက်စီးသွားပေမယ့် ရုတ်တရက် ပြိုလဲကျမသွားနိုင်ဘူး။ ဒီလို ဖြစ်လာနိုင်အောင်လဲ အတွင်းအားကို အသုံးပြုတဲ့အခါမှာ ထိန်းချုပ်နိုင်ရမယ်'

'အစ်ကို ပြောသလိုလုပ်နိုင်တဲ့လူ ဘယ်နှစ်ယောက် ရှိနိုင်မလဲ'

ချူးရှန် စဉ်းစားပြီး…

'ညီမ ဖေဖေ တုမုရှန်၊ စစ်ထန်စစ်၊ အဆိပ်ဘုရင်၊ အရှေ့ဗျူန်းသခင်၊ ဂူတန်သိုင်းအဖွဲ့ချုပ် အစ်ကို စဉ်းစားတာ ဒါအကုန်ပဲ'

'ဒီကြာပန်းတောင်ထိပ်ကို ရောက်လာတာ စစ်ထန်စစ်တစ်ယောက်ပဲ ရှိတယ်။ ကျွန်မဖေဖေက ဒီတောင်ပေါ်မှာ နေတာဆိုတော့ သူ့အိမ်ကိုတော့ သူဖျက်ဆီးမှာ မဟုတ်ဘူး'

'စစ်ထန်စစ်ကလဲ ကျွန်မ ဖေဖေလက်ချက်နဲ့ သေပြီရှင့်'

'စစ်ထန်စစ်ဟာ ညီမရဲ့ ဖေဖေအရင်းဆိုတာ ညီမက မသိဘူးလား'

စင်းစင်း ခေါင်းငုံ့ထားလိုက်ပြီး…

'သိပါတယ်ရှင်'

ပြောပြီး မျက်ရည်များ ကျလာသည်။

'ညီမဖေဖေနဲ့ စစ်ထန်စစ်ကို ဖယ်လိုက်ရင် ဒီကြာပန်းတောင်ပေါ်ကို ဘယ်သူတွေက ဘာကိစ္စနဲ့ ရောက်လာမှာလဲ'

စင်းစင်းက…

'ဂူတန့်ဂိုဏ်းအဖွဲ့ချုပ်က သေဆုံးသွားပြီ။ ဒါကြောင့် အဆိပ်ဘုရင်နဲ့ အရှေ့ကျွန်းသခင်ပဲ ဖြစ်ရမယ်'

'ဟုတ်တယ်။ ညီမပြောတာ ဖြစ်နိုင်တယ်'

သူသည် ပြောပြီး အခန်းတစ်ခုလုံးကို ကြည့်လိုက်ပြန်သည်။ ရုတ်တရက်…





သူ၏ မျက်လုံးအစုံ ပြူးကျယ်သွားတော့သည်။ အခန်း၏ ကြမ်းပြင်တွင် ချိုင့်ရာကလေး မြောက်မြားစွာ ရှိနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ချူးရှန်ရင်ထိတ်သွားပြီး…

'အဆိပ်ဘုရင်'

လွှတ်ခနဲ အော်လိုက်သည်။

'ဒီတောင်ပေါ်ကို ရောက်လာတဲ့လူဟာ အဆိပ်ဘုရင်ဟုတ်လား'

'ဟုတ်တယ်'

သူသည် ပြောရင်း ကြမ်းပြင်ပေါ်ရှိ ချိုင့်ကလေးများကိုပြပြီး…

'ဒီ ချိုင့်ခွက်ကလေးတွေက အဆိပ်ဘုရင် လမ်းလျှောက်တဲ့အခါမှာ အသုံးပြုတဲ့ သံမဏိ တောင်ဝှေးကြောင့် ဖြစ်ပေါ်လာတာပဲ'

သူ့စကားကြားလိုက်ရသောအခါ စင်းစင်း အံ့သြသွားသည်။

* * *

အဆိပ်ဘုရင်သည် အလွန်လျှို့ဝှက်သော လူတစ်

ယောက် ဖြစ်သည်။ သူသည် သိုင်းလောက၌ မထင်မရှား သွားလာနေသည်။ သူ၏ အပြုအမူသည် အစတွင် ထင်ပေါ် ကျော်ကြား ခြင်းမရှိသော်လည်း၊ ကျွန်းဝူးနယ်မှ ဓားရှစ်လက် ကျန်ချင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ပြီးသောအခါ သိုင်းလောက တစ်ခုလုံးက သူ့အား အလေးထားလာသည်။

အဆိပ်ဘုရင်သည် အဖြူရောင်သိုင်းသမား မဟုတ် သလို အနက်ရောင်လည်း မဟုတ်ပါ။ နားလည်ရန်ခက်သော လူတစ်ယောက် ဖြစ်သည်။

သူသည် အဆိပ်နှင့် ဆက်နွှယ်နေသဖြင့် သိုင်း လောကက နှာခေါင်းရှုံ့ကြသည်။ ထူးခြားသည်မှာ ကြောက် စရာကောင်းသော အဆိပ်ဘုရင်သည် တောင်ပင်လယ်မှလာ သော လူတစ်ယောက် ဖြစ်သော်လည်း အရှေ့ကျွန်းသခင်နှင့် ခင်မင်ရင်းနှီး၏။

ထို့အပြင် အရှေ့ကျွန်းသခင်၏ ဆရာဖြစ်သော နဂါးပျံ ချူးစုအင်းကို အလွန် ရိုသေလေးစားသည်ဟု ကြား မိရလေသည်။

စင်းစင်း မျက်မှောင်ကြုတ်လိုက်ပြီး...

'သူက ဘာဖြစ်လို့ ဒီကိုလာရတာလဲ'





'ဒါတော့ အစ်ကို ဘယ်သိမလဲ'

'ဒါဖြင့် အစ်ကိုက နဂါးပျံချူးစုအင်းကို သိသလား'

'သိတယ်'

စင်းစင်း မျက်လုံးများ ဝင်းလက်သွားသည်။

'အဆိပ်ဘုရင်က ဒီမှာလာပြီး စော်ကားတာ နဂါးပျံ ချူးစုအင်းကိုသွားပြီး အကျိုးအကြောင်း ပြောပြရင် ကောင်းမယ်'

'ညီမရဲ့ဖေဖေက ဒီအတိုင်း လက်ပိုက် ကြည့်မှာလား'

စင်းစင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'ညီမရဲ့ဖေဖေ သူရဲကောင်းတစ်ယောက်လို့ မှတ် ယူထားတာ၊ ဖေဖေ လူသတ်တာ ကျွန်မ မကြိုက်ဘူး။ အစ်ကို ခုပြောသလိုဆို ကျွန်မဖေဖေ လူဆိုးတစ်ယောက် ဖြစ်နေပြီ။ ဒါကြောင့် ဖေဖေ့ကို နောက်ထပ် လူ ထပ်မသတ်စေချင် တော့ဘူး'

ချူးရှန်က...

'ဒီတော့ ညီမက ဘာလုပ်မလဲ'

'နဂါးပျံ ချူးစုအင်းဆီကိုသွားပြီး အဆိပ်ဘုရင် စော်ကားတာတွေ ပြောပြမှာပေါ့'

ချူးရှန်က ပြုံးလိုက်ပြီး...

'ညီမက သူရှိတဲ့နေရာကို သိလို့လား'

စင်းစင်း ခြေထောက်တစ်ဖက် ဆောင့်လိုက်ပြီး

'အစ်ကိုကပဲ သိတယ်လို့ ပြောတယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'ဒါဖြင့် အစ်ကို လိုက်ပို့ပေါ့'

ချူးရှန် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'နဂါးပျံချူးစုအင်းက အစ်ကိုရဲ့အဘိုးပါ။ သူက ကွယ်လွန်သွားပါပြီ'

ထိုစကား ကြားလိုက်ရသည်နှင့် စင်းစင်း မျက်လုံးပြူးကျယ်သွားရလေသည်။ အတန်ကြာမှ...

'ဒါဆို အဆိပ်ဘုရင်က အစ်ကို့ကို တွေ့ချင်လို့ ဒီကို လိုက်လာတာ ထင်တယ်'

'မပြောတတ်ဘူး။ သူ ဘာကြောင့် လိုက်လာတယ်ဆိုတာ အစ်ကို မသိဘူး'

'စန့်ကွမ်းထင်းကို သူ ကယ်သွားတာ ဖြစ်ရမယ်ရှင့်'

'ညီမ ပြောတာ ဖြစ်နိုင်တယ်။ သူက သူတစ်ပါးအတွင်းရေးကို ဝင်မစွက်တတ်ဘူး။ စန့်ကွမ်းထင်းကို ကယ်သွားတာ တုမုရန်ကို ရန်စတာပဲ ဖြစ်ရမယ်'





စင်းစင်းသည် သက်ပြင်းတစ်ချက်ချရင်း...

'ကျွန်မဖေဖေမှာ ရန်သူတွေ မနည်းပါလား'

သူမသည် ပြောရင်း စိတ်မကောင်း ဖြစ်သွားသည်။

စစ်ထန်စစ်သည် အဖေအရင်းဖြစ်သော်လည်း သံယောဇဉ်မရှိ။ တုမုရန်သည် ငယ်စဉ်ကပင် သူမအား ကျွေးမွေး စောင့်ရှောက်ခဲ့ပြီး အလိုလိုက်ခဲ့သောကြောင့် တုမုရန်အပေါ် ပို၍ သံယောဇဉ်ဖြစ်ခဲ့သည်။

သို့သော် တုမုရန်က စစ်ထန်စစ်အား သတ်ပစ်လိုက်သောအခါ သူမ စိတ်နာသွားလေသည်။

ချူးရှန်က အနည်းငယ်စဉ်းစားပြီး...

'အဆိပ်ဘုရင် ရောက်လာပြီဆိုရင် မကြာခင်မှာပဲ အရှေ့ကျွန်းသခင်ကလဲ ရောက်လာမှာပဲ'

စင်းစင်း၏ ရင်ထဲ တစ်စစ လေးလံလာသည်။

သူမသည် အသံတိမ်ဝင်စွာဖြင့်...

'သိုင်းလောကမှာ ကျွန်မဖေဖေက နံပါတ်(၁) မဟုတ်သေးဘူး'

'သိုင်းပညာဆိုတာ ဘယ်သူက ပထမလို့ သေသေချာချာ ပြောလို့ မရသေးဘူး။ ဒါကြောင့် ပထမနေရာရဖို့ဆိုတာ မလွယ်ဘူး'

စင်းစင်းက အသံကျယ်လောင်စွာဖြင့် ...

'ကျွန်မဖေဖေက နံပါတ်(၁)ရဖို့ ကြိုးစားနေတာရှင့်'

ချူးရှန် ဘာမှ ပြန်မပြောဘဲ ပါးစပ်ပိတ်သည်။

'ကျွန်မဖေဖေ သင်ထားတဲ့ တာမင်စားသိုင်းကရန်သူတွေကို မယှဉ်ပြိုင်နိုင်ဘူးလား'

'ဒါကို သေသေချာချာ ဘယ်သူမှ မပြောနိုင်ဘူး'

စင်းစင်းက မျက်နှာထား လေးနက်စွာဖြင့် ...

'အစ်ကို ဒီကိုလာတာ အစ်ကို့ဆရာလွှတ်လိုက်လို့လား'

'ဟုတ်တယ်'

'အစ်ကို့မှာ ဖေဖေ့ကိုသတ်ဖို့အပြင် တခြားအကြောင်းရှိဦးမယ်ထင်တယ်'

ချူးရှန် အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ သက်ပြင်းတစ်ချက်ချကာ...

'အမှန်အတိုင်း ပြောရရင် အစ်ကို ဒီကိုလာတာ အကြောင်းတစ်ခုရှိတယ်။ အဲဒီအကြောင်းက ဓားတစ်လက်နဲ့ ပတ်သက်နေတယ်'

စင်းစင်း အံ့သြသွားသည်။





'ဓားတစ်လက်နဲ့ ပတ်သက်နေတယ် ဟုတ်လား'

'ဟုတ်တယ်။ အဲဒီဓားက ညီမ့ဖေဖေ စာကြည့်ခန်းထဲမှာ ချိတ်ဆွဲထားတဲ့ဓားပဲ'

သူသည် ပထမအကြိမ် တုမုရန်၏အိမ်သို့ ရောက်လာစဉ်က သေသေချာချာအကဲခတ်လေ့လာထားပြီး ဖြစ်သည်။

တုမုရန်၏ စာကြည့်ခန်းထဲ၌ ဆင်စွယ်ဓားရိုးနှင့် လှပသော ဓားအိမ်ရှိသည့် ဓားတစ်လက်ကို တွေ့မြင်ခဲ့ရသည် မဟုတ်ပါလား။

ထိုဓားရိုးပေါ်တွင် နဂါးရုပ်တစ်ခု ရေးထိုးထားသည်။ ထိုကဲ့သို့ ဓားတစ်လက် သူ၏ အဘိုးဖြစ်သူ နဂါးပျံ ချူးစုအင်း ထံတွင် ရှိသည်ဟု ကြားခဲ့ရသည်။

ထို့အပြင် တုမုရန်၏ စာကြည့်ခန်းထဲတွင် ပန်းချီကားတစ်ချပ်ရှိပြီး ထိုပန်းချီကားပေါ်တွင် ကဗျာတစ်ပုဒ် ရေးစပ်ထားသည်။

ထိုကဗျာသည် သူ့မိခင်ဆိုနေကျ ကဗျာဖြစ်သည်။ ပိုမို ထူးဆန်းနေသည်မှာ စင်းစင်း ချက်ကျွေးသော အစားအသောက်များမှာ သူ၏ မိခင်လက်ရာနှင့် တစ်ပုံစံတည်း ဖြစ်နေသည်ကို [illegible]ရသည်။

ထို့ကြောင့် ...

တုမုရန်တို့ မိသားစုသည် သူ၏ မိသားစုနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေရမည်ဟု သူ နားလည်ထားသည်။

ချူးရှန်၏ ဆရာက တုမုရန်အား သုတ်သင်ရန် နည်းလမ်းတစ်ခု ပြောပြခဲ့သည်။

သို့သော် ...

ထိုနည်းလမ်းကို ချူးရှန် အသုံးမပြုလိုပါ။ ထိုနည်းလမ်းသည် အလွန် ကောက်ကျစ်စဉ်းလဲနေသည်ဟု သူက ထင်မှတ်ထားသောကြောင့် ဖြစ်သည်။

'ဒီဓားက အစ်ကိုနဲ့ ဘယ်လို ပတ်သက်နေလို့လဲ'

'ဒီဓားက အစ်ကို့အဘိုးရဲ့ဓား ဖြစ်တယ်လို့ အစ်ကိုက သိခဲ့ရတာပါ'

'မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ'

စင်းစင်းက ...

'ကျွန်မဖေဖေက ပြောတော့ ဒီဓားဟာ ကျွန်မတို့ ဘိုးစဉ်ဘောင်ဆက်က အမွေပစ္စည်းလို့ ပြောတယ်'

'စာကြည့်ခန်းထဲ သွားမယ်'





စာကြည့်ခန်းသို့ ချူးရှန် ရောက်ရှိလာသည်။

စင်းစင်းက နံရံပေါ်မှာ ချိတ်ဆွဲထားသောဓားကို ဖြုတ်ယူလိုက်ပြီး စစ်ဆေးလိုက်သည်။

ဓားရိုးပေါ်တွင် နဂါးရုပ်တစ်ခု ရေးထိုးထားသည်။

'ဒီဓားဟာ သံမဏိတွေကို အပိုင်းပိုင်း ခုတ်နိုင်တယ်ဆိုတာ ညီမသိလား'

'ရှင် ဘယ်လို သိလဲ'

'ဒါ အစ်ကို့ ဘိုးဘိုးရဲ့ ရတနာဓားမြတ်ပဲ။ အစ်ကို ဘိုးဘိုး ကွယ်လွန်သွားတော့ အစ်ကို့မိခင်ကို ပေးခဲ့တယ်လေ။ ဒါကြောင့် မေမေပြောပြလို့ သိထားတာပေါ့'

'ဒီဓားကို အစ်ကို့အမေလက်ထဲက ကျွန်မဖေဖေက လုယူခဲ့တာလို့ ရှင်က ထင်သလား'

'ဟုတ်တယ်'

'ကျွန်မ မယုံဘူး'

'ဒီဓားဟာ အစ်ကို့အမေလက်ထဲက ဘယ်လိုလုပ် ဒီကို ရောက်လာတယ် မပြောတတ်ဘူး။ တုမုရန်က အစ်ကို့ မိသားစုနဲ့ တစ်နည်းနည်း ပတ်သက်နေမယ်လို့ အစ်ကို ထင်ထားလို့ သူ့ကို မသတ်သေးတာပဲ'

စင်းစင်း ဝမ်းနည်း ကြေကွဲလာလေသည်။

'ဘာပဲဖြစ်ဖြစ် အစ်ကိုက ကျွန်မဖေဖေကို သတ်လိုက်ရင်တော့...'

သူမသည် စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ဘဲ အခန်းတွင်းမှ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

ချူးရှန် ကပျာကယာဖြင့်...

'စင်းစင်း'

သူသည် စင်းစင်းသွားရာလမ်းကို ပိတ်ဆို့ထားလိုက်သည်။ စင်းစင်း၏ မျက်လုံးအစုံမှ မျက်ရည်များ ကျဆင်းလာသည်။ ထိုစဉ်မှာပင်...

'သမီး'

အေးစက်သော အသံကြောင့် ချူးရှန်နောက်သို့ လှည့်လိုက်သည်။ တုမုရန် အခန်းဝတွင် မလှုပ်မယှက် ရပ်နေသည်ကို တွေ့ရသည်။

စင်းစင်းက ရင်ထိတ်သွားပြီး...

'ချူးရှန်၊ အစ်ကို ပြေးပြေး မြန်မြန်ပြေး'

သို့သော် ချူးရှန် မပြေးပါ။

တုမုရန်က...





'ဒီကနေ့ မင်းကို ငါသတ်မှ ဖြစ်တော့မယ်'

ပြောပြီး ရှေ့သို့ တိုးလာလေသည်။

စင်းစင်းက ကပျာကယာဖြင့် ချူးရှန်၏ ရှေ့တွင် အကာအကွယ် ပြုထားလိုက်ပြီး...

'ဖေဖေ သူ့ကို မသတ်ပါနဲ့'

တုမုရန်၏ မျက်နှာပေါ်တွင် ထူးဆန်းသည့်အရိပ်အယောင်တစ်ခု ဖြစ်ပေါ်လာ၏။

'ကောင်းပြီ။ ဒါပေမယ့် သူ ဒီက ထွက်သွားရမယ်'

စင်းစင်း ချူးရှန်ကို မော့ကြည့်လိုက်ပြီး...

'အစ်ကို ခဏလောက် ရှောင်ပေးပါ အစ်ကိုရယ်၊ နောက်တော့ ကျွန်မ ရှင်းပြပါ့မယ်'

ချူးရှန်က သူမ၏ စကားဆုံးသွားသည်နှင့် အံကို တင်းတင်းကြိတ်ကာ ပြတင်းပေါက်မှ အပြင်ဘက်သို့ ခုန်ထွက်သွားလေသည်။

မကြာမီ ချူးရှန်၏ ခန္ဓာကိုယ်သည် ခြံတွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

▼ ❐ ▼

## အခန်း ( ၁၈ )

စာကြည့်ခန်းသည် တိတ်ဆိတ်နေ၏။

စင်းစင်း မလှုပ်မယှက် ရပ်နေသည်။

တုမုရန်က သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'သမီး'

စင်းစင်းက ပါးစပ်ပိတ်ထား၏။

တုမုရန်က...

'သမီး ဖေဖေ့ကို စိတ်ဆိုးနေမယ်ဆိုတာ ဖေဖေ သိပါတယ်။ ဒါပေမယ့် ဖေဖေက သမီးလက်ခံလာနိုင်အောင် ဘယ်လိုမှ ရှင်းပြနိုင်မှာ မဟုတ်ဘူး'

သူ၏အသံသည် အလွန်ဝမ်းနည်းကြေကွဲမှု ရှိနေလေသည်။





စင်းစင်းက အေးတိအေးစက်ဖြင့်...

'ကျွန်မက ကုသိုလ်ကံ ဆိုးလွန်းပါတယ်'

သူမ၏ စကားကြောင့် တုမုရန်မှာ ပို၍စိတ်ထိခိုက်သွားရလေသည်။ သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'သမီးက ချူးရှန်ပြောတဲ့ စကားတွေ ယုံသလား'

စင်းစင်း ပါးစပ်ပိတ်ထားလိုက်သည်။

'သူ လိမ်ပြောနေတာ သူ့စကားတွေက တစ်ခုမှ မဟုတ်ဘူး။ ဖေဖေ အားလုံးကြားပြီးပြီ'

'သူလိမ်ပြောတာ မဟုတ်ဘူး။ သူ့စကားတွေက အမှန်တွေပဲဆိုတာ ကျွန်မ ယုံတယ်'

တုမုရန်က မျက်မှောင်ကြုတ်လိုက်ပြီး...

'သမီးက ဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ'

စင်းစင်းက...

'သူက သက်သေအထောက်အထားနဲ့ ပြောနိုင်တယ်'

တုမုရန် ပါးစပ်ပိတ်ထားလိုက်လေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အဖြစ်အပျက်များသည် သူ့အား အရိပ်သဖွယ် ခြောက်လှန့်လာပြီဟု သူက နားလည်လိုက်လေသည်။

သူသည် အဖြစ်မှန်များအား စင်းစင်းအား ရှင်းမပြနိုင်ပါ။ ရှင်းပြလိုက်ပါက တစ်သက်လုံး မုန်းတီးသွားမည် ဖြစ်ပါသည်။

တုမုရန်က အကျဉ်းအကျပ်တွေ့နေစဉ်မှာပင် အဝေးမှ ပြေးလွှားသွားလာနေသော ခြေသံများကို ကြားလိုက်ရသည်။ လူတစ်ယောက်၏ ပြေးလွှားသံမျိုး မဟုတ်ပါ။ သိုင်းပညာ အလွန်မြင့်သော လူလေးငါးယောက်ခန့် ပြေးလွှားသံမျိုး ဖြစ်နေသည်။

တုမုရန် မျက်မှောင်ကြုတ်လိုက်ပြီး...

'သမီး စာကြည့်ခန်းထဲက ဘယ်မှ မထွက်နဲ့'

ပြောပြီးသည်နှင့် အခန်းအပြင်ဘက်သို့ ပြေးလွှားသွားသည်။

စင်းစင်းက ပြတင်းမှတစ်ဆင့် အပြင်သို့ လှမ်းကြည့်လိုက်ရာ ခြံဝင်းအတွင်းသို့ လူငါးယောက်ပြေးလွှားလာနေသည်ကို တွေ့ရသည်။

ထိုလူငါးယောက်မှာ ဂူတန်သိုင်းအဖွဲ့မှ ကျော်ကြားသော တမန်တော်ငါးယောက်ပင် ဖြစ်နေသည်ကို တွေ့ရသည်။

တုမုရန်၏ နဖူးပေါ်တွင် ချွေးများစို့လာသည်။ သူ





သည် အချိန်အနည်းငယ်အတွင်းမှာပင် ထိတ်လန့်ဖွယ် ကောင်းသော အရာများနှင့် ရင်ဆိုင်ခဲ့ရပြီး ဖြစ်သည်။

သူတစ်ကိုယ်ကောင်းဆန်မှုကြောင့် အခုဒုက္ခရောက်ရသည်ကို နောင်တရမိသည်။ သူအတတ်နိုင်ဆုံး ရန်ငြိုးမဖွဲ့ရန် ဆုံးဖြတ်လိုက်သည်။

တုမုရန်သည် မျက်နှာထား တည်ကြည်လေးနက်စွာဖြင့် လက်နှစ်ဖက်ဆုပ်ကာ...

'ဂူတန်သိုင်းအဖွဲ့က တမန်တော် ငါးယောက်က ကျုပ်လို အညတရတစ်ယောက်ရဲ့ အိမ်ကို ကြွရောက်လာတာ ဂုဏ်ယူပါတယ်ဗျာ'

တမန်တော်ငါးယောက်မှာ မလှုပ်မယှက် ရပ်နေသည်။ သူတို့သည် သိုင်းလောက၌ ကျော်ကြားသောလူများ ဖြစ်ကြသည်။ လူ အင်အား တောင့်တင်းပြီး သိုင်းပညာ ထက်မြက်သောကြောင့် ဂူတန်အဖွဲ့နှင့် မည်သူကမျှ ပြဿနာ မတက်လိုကြပါ။

ထို့ကြောင့် တမန်တော်များက အနည်းငယ် မာန ထောင်လွှားကြသည်။ ထို တမန်တော်များအနက် အသက်အကြီးဆုံး တီဝမ်းမှာ တရားမျှတသူတစ်ယောက် ဖြစ်သည်။

တိဝမ်းက ပြုံးပြီး…

'ကျုပ်တို့ ဒီကနေ့ ဒီကိုလာတာ ဂူတန်သိုင်းအဖွဲ့ချုပ်နေရာ ဆက်ခံမယ့်လူတစ်ယောက်ကို ခင်ဗျားဖမ်းထားတယ်ကြားလို့ လာခဲ့တာပါ'

တုမုရန် ရင်ထိတ်သွားသည်။ စန့်ကွမ်းထင်း သတင်းကို ဒီလောက်မြန်မြန် ကြားရမည်ဟု မထင်ပါ။ သူသည် အနည်းငယ် ဟန်ဆောင်ပြီး…

'ကျုပ်က ဘယ်သူ့ကို ဖမ်းထားလို့လဲဗျ'

တမန်တော်ငါးယောက်အနက် အလွန်ဒေါသကြီးသော တိအင်းဆိုသူက…

'ခင်ဗျား လိမ်မပြောနဲ့။ စန့်ကွမ်းထင်းကို ခင်ဗျားဖမ်းထားတာ ကျုပ်တို့သိပြီးပြီ'

တုမုရန် ပြုံးလိုက်ပြီး…

'ခင်ဗျားက ဘာအထောက်အထားနဲ့ ပြောတာလဲ'

'စန့်ကွမ်းထင်း စာတစ်စောင် ရေးထားခဲ့တယ်။ သူက ခင်ဗျားဆီ သွားမယ်လို့ ရေးထားတာဗျ'

'အင်း ကျုပ်မငြင်းတော့ပါဘူး။ စန့်ကွမ်းထင်းကို ဖမ်းထားပါတယ်'





'ခင်ဗျား သူ့ကို ဖမ်းထားတာ ဂူတန်အဖွဲ့ကို စော်ကားတာနဲ့ အတူတူပဲ'

တမန်တော်ငါးယောက်အနက် တိခုန်းက ဝင်ပြောလိုက်သည်။ အရပ်ရှည်ရှည် ကျူးတောင်းကလည်း…

'ခင်ဗျား သူ့ကို အခုချက်ချင်း လွှတ်ပေးပါ'

ကျူးစင်းဆိုသူ တစ်ယောက်ကလည်း…

'ဂူတန်အဖွဲ့ချုပ် ဝုကျိဝမ်းက ခင်ဗျားလက်ချက်နဲ့ သေခဲ့ရတယ်။ အခုလဲ ခင်ဗျားက စန့်ကွမ်းထင်းကို သတ်ပစ်လိုက်ပြီလား'

တုမုရန် ဒေါသထွက်လာကာ…

'စန့်ကွမ်းထင်းက ကျုပ်ကို စော်ကားလို့ ကျုပ် ဖမ်းချုပ်ထားတာ။ ဝုကျိဝမ်းကိုလဲ ကျုပ် မသတ်ဘူး'

'ခင်ဗျားပြောတာ ကျုပ် မယုံဘူး။ ဝုကျိဝမ်းရရှိတဲ့ ဒဏ်ရာက ခင်ဗျားလက်ချက်ပဲ။ ဒါကြောင့် ဒီကနေ့ ခင်ဗျားနဲ့ ကျုပ်တို့ အပြီးတိုင် စာရင်းရှင်းရမယ်ဗျ'

တိဝမ်းက ကြားဖြတ်ပြောလိုက်သည်။

'နေကြပါဦး။ အရင်မလိုကြပါနဲ့။ ဒီကိစ္စတွေက ဖြစ်ပျက်ခဲ့တာ တော်တော်ကြာပြီဆိုတော့ ဘယ်သူမှ သေသေ



F. 16 A

ချာချာ မပြောနိုင်ပါဘူး။ ဒါကြောင့် အခုလောလောဆယ် စန့်ကွမ်းထင်း လွှတ်ဖို့ အရေးကြီးပါတယ်'

'ဝုကျိဝမ်းကို ကျုပ်မသတ်ဘူးဆိုတာ အာမခံပါတယ်။ ဒါကြောင့် ကျုပ် စန့်ကွမ်းထင်းကို ပြန်လွှတ်ပေးပါမယ်'

တုမုရန်၏ စကားကိုကြားရသောအခါ တမန်တော်ငါးယောက်မှာ အံ့အားသင့်သွားကြလေသည်။ တုမုရန်မှာ စန့်ကွမ်းထင်းကို အလွယ်တကူလွှတ်ပေးမည် မဟုတ်ဟု သူတို့က ယူဆထားသည်။ ယခု တုမုရန်၏ စကားကို ကြားရသောအခါ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။

တီအင်းက…

'စန့်ကွမ်းထင်းကို လွှတ်ပေးမယ်ဆိုရင် ကျုပ်တို့က ကျေနပ်ပါပြီဗျာ။ သိုင်းအဖွဲ့ချုပ် ဝုကျိဝမ်း သေဆုံးသွားပြီဖြစ်တဲ့အတွက် အရေးမယူတော့ပါဘူး'

တီဝမ်းစကားကြောင့် တီအင်း ဒေါသထွက်သွားသည်။

'ဘယ်ဖြစ်မလဲဗျ။ ဝုကျိဝမ်းကို ဒဏ်ရာရအောင် လုပ်တဲ့ တုမုရန်ကို လွှတ်ပေးမယ်ဆိုရင် ဂူတန်သိုင်းအဖွဲ့ရဲ့ ဂုဏ်သိက္ခာ ကျဆင်းသွားမှာပေါ့'





တီအင်းစကားကို အားလုံး ထောက်ခံကြ၏။

'သိုင်းအဖွဲ့ချုပ်က ရန်သူနဲ့တိုက်တယ်။ ဒဏ်ရာရတယ်။ ဒီဒဏ်ရာနဲ့ပဲ သေဆုံးတယ်လို့ ခင်ဗျား ဆိုလိုတာလား'

'ဟုတ်တယ်'

တီဝမ်းက…

'သိုင်းအဖွဲ့ချုပ် ဒဏ်ရာရတဲ့အချိန်မှာ ကျုပ်တို့က ခရီးထွက်နေကြတယ်။ ခင်ဗျားတစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့တယ်။ ဒါကြောင့် ခင်ဗျားက သိုင်းအဖွဲ့ချုပ်ကြီးရဲ့ ရန်သူကို တွေ့မြင်လိုက်ရမှာပေါ့'

ကျူးစင်းက…

'မတွေ့လိုက်ရဘူး'

'ဒါဖြင့် ခင်ဗျား ဘာကြောင့် တုမုရန်လို့ ပြောနိုင်တာလဲ'

ကျူးစင်း ပြုံးလိုက်ပြီး…

'သိုင်းအဖွဲ့ချုပ်ကြီး ရတဲ့ဒဏ်ရာကို ကြည့်မယ်ဆိုရင် အလွန်ထူးဆန်းတဲ့အတွင်းအားကို အသုံးပြုတိုက်လိုက်တဲ့ ဒဏ်ရာ ဖြစ်နေလို့ပဲ။ ဒီလိုတိုက်ခိုက်နိုင်တာ တုမုရန်ပဲ ဖြစ်နိုင်တယ်'

တိဝမ်းက…

'ခင်ဗျား ဒီလိုတစ်ဖက်သတ် ယူဆတာ မှားတယ်ဗျ။ တကယ်လို့ တုမုရန်လုပ်ကြတာ မဟုတ်ရင် သူက နစ်နာမနေဘူးလား'

တိဝမ်းစကားသည် တရားမျှတမှု ရှိသည်။ တုမုရန် အရမ်းလေးစားသွားသည်။ ရန်သူတစ်ယောက် အပေါ်ထားရှိသော တိဝမ်းသဘောထားကို လေးစားလာသည်။

တုမုရန် လက်နှစ်ဖက် ဆုပ်လျက်…

'ခင်ဗျားကို ကျုပ် ချီးကျူးလေးစားပါတယ်ဗျာ'

'ကဲ ခင်ဗျားက စန့်ကွမ်းထင်းကိုသာ ထုတ်ပေးပါ'

'ကောင်းပြီ ကျုပ်နောက် လိုက်ခဲ့ပါ'

သူသည် ပြောပြီး ရှေ့မှ ဦးဆောင်သွားလေသည်။ တမန်တော်ငါးယောက်က သူနှင့်ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

* * *

တုမုရန်မျက်လုံးအစုံ ပြူးကျယ်သွားသည်။ သူသည် မယုံကြည်နိုင်စွာ ပျက်စီးနေသော တံခါးမကြီး ငေးနိုက်ကြည့်နေသည်။





တိဝမ်းက မျက်မှောင်ကြုတ်လိုက်ပြီး…

'ခင်ဗျားက စန့်ကွမ်းထင်းကို ဖမ်းဆီးထားတယ်ဟုတ်လား'

တုမုရန် စကားမပြောနိုင်ပါ။ အတန်ကြာမှ ခံပြင်းသော လေသံဖြင့်…

'လက်စသတ်တော့ ခင်ဗျားတို့က ကျုပ်ကို ရန်စဖို့လာကြတာကိုး'

သူ၏စကားကြောင့် တိအင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ခင်ဗျား ဘာကို ပြောတာလဲ'

'ခင်ဗျားတို့က ဒီတံခါးကို စုပေါင်းပြီး ဖြိုဖျက်လိုက်တာ မဟုတ်လား'

တိခုန်းက…

'မင်း စကား ကြည့်ပြောပါ'

'စန့်ကွမ်းထင်းကို ခင်ဗျားတို့ ကယ်ထုတ်သွားပြီပဲ။ ဘာဖြစ်လို့ ကျုပ်ကို စွပ်စွဲနေရတာလဲ'

တိဝမ်းက…

'ကျုပ်တို့ စန့်ကွမ်းထင်းကို ကယ်ထုတ်သွားတယ်ဟုတ်လား'

'ခင်ဗျားတို့ မသိချင်ယောင် ဆောင်မနေကြနဲ့။ ဒီအထဲမှာ သူ့ကို ကျုပ်ထည့်ထားတာ ဘယ်သူက တံခါးကို ဖျက်ပြီး ကယ်တင်သွားသလဲ'

သူ၏စကားကြောင့် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ပြိုကျပျက်စီးနေသော တံခါးမှာ ထူထပ် ခိုင်မာသော သစ်သားတံခါးဖြစ်သည်။

တိအင်းသည် ဒေါသထွက်ကာ...

'ခင်ဗျား စန့်ကွမ်းထင်းကို သတ်ပစ်ပြီး လိမ်ညာနေတာ မဟုတ်လား'

'ကျုပ် သူ့ကို သတ်ချင်ရင် အလွယ်လေး ၊ တံခါးကို ဖျက်စရာ မလိုဘူး'

ကျူးတောင်းက ဝင်၍...

'ဘာပဲဖြစ်ဖြစ် ခင်ဗျားနဲ့ ဒီနေ့တော့ စာရင်းရှင်းရတော့မှာပဲ'

ပြောပြီး တုမုရန်ထံ ခုန်အုပ်လိုက်လေသည်။

တုမုရန် အံကိုတင်းတင်းကြိတ်ပြီး လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။





ကျူးတောင်းသည် အခြေအနေ မဟန်မှန်း ရိပ်စားမိပြီး နောက်သို့ ခုန်ဆုတ်လိုက်သည်။

တိအင်းက...

'အားလုံး တိုက်ကြ'

တိဝမ်းမှလွဲ၍ အားလုံး တုမုရန်ထံ တစ်ဟုန်ထိုး တိုက်ခိုက်ကြလေသည်။

▼ ◻ ▼

# အခန်း (၁၉)

'ဝုန်း'

တိအင်း၏ ခန္ဓာကိုယ် အဝေးသို့ လွင့်သွားသည်။

သို့သော်...

သူသည် ချက်ချင်းပင် ပြန်လည်ထနိုင်ခဲ့သည်။ ထိုစဉ်မှာပင်...

'အား'

ကျူးတောင်း နာကျင်စွာ အော်လိုက်ပြီး နောက်သို့ ဆုတ်သွားရပြန်သည်။ ကျူးတောင်း ဆုတ်လိုက်သည်နှင့် တိခုန်းနှင့် ကျူးစင်းတို့က တုမုရန်ထံ ပြိုင်တူခုန်ဝင်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

တုမုရန်က အံကိုတင်းတင်းကြိတ်လိုက်ပြီး လက်ဝါး နှစ်ဖက်ဖြင့် ခံပေးလိုက်ရာ...





'ဝုန်း'

တိခုန်းမှာ နောက်သို့ ဝါးတစ်ရိုက်ခန့် ဆုတ်သွားရပြီး ကျူးစင်းမှာမူ နောက်သို့ခြေတစ်လှမ်းမျှ ဆုတ်ပေးလိုက်ရသည်။

တမန်တော်ငါးယောက်အနက် တိခုန်းမှာ အတွင်းအား အနည်းဆုံးဖြစ်ကြောင်း တုမုရန် နားလည်လိုက်သည်။

တိဝမ်း ခေါင်းခါယမ်းလိုက်သည်။

တမန်တော်များ၏ အခြေအနေ မဟန်မှန်း ရိပ်စားမိသဖြင့် သူ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်ရသည်။

တိဝမ်း ဝင်လာသည်နှင့် တိုက်ပွဲမှာ ပြောင်းလဲသွားသည်။ စစ်ထန်စစ်နှင့် လက်ရည်ညီမျှသော ထိပ်တန်းသိုင်းသမားတစ်ယောက်ကို ရင်ဆိုင်ရပြီဖြစ်ကြောင်း တုမုရန်က နားလည်လိုက်သည်။ တုမုရန်သည် မဲ့ပြုံးပြုံးလိုက်ပြီး...

'ခင်ဗျားကို သိုင်းလောကသားတွေက ဒါကြောင့် ချီးကျူးနေကြတာကိုး'

တိဝမ်းက အသာပြုံးပြီး...

'ကျုပ်ကလဲ ရင်ဆိုင်တိုက်ခိုက်ရတာ မုန်းပါတယ်ဗျာ။ မလွှဲသာလို့ပါ'

ပြောပြီး နှစ်ယောက် တိုက်လိုက်ကြသည်။

'ဝုန်း'

တိဝမ်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး…

'မင်း မဆိုးဘူး'

သူသည် ပြောပြီး ထပ်မံတိုက်ရန် ပြင်လိုက်သည်။

'နေဦး'

တုမုရန်က ဟန့်တားလိုက်သည်။

တိဝမ်းက မျက်မှောင်ကြုတ်သွားပြီး…

'ခင်ဗျားက ဘာပြောချင်လို့လဲ'

'ဝုကျိဝမ်းကို မသတ်ဘူးလို့ ခင်ဗျား လက်ခံသလား'

တိဝမ်း တွေဝေသွား၏။ သူသည် အနည်းငယ် စဉ်းစားလိုက်ပြီး…

'ဒါတော့ ကျုပ်လဲ မဆုံးဖြတ်တတ်ဘူး'

'စန့်ကွမ်းထင်းကို မသတ်ဘူးဆိုတာကော'

'ဒါတော့ ဖြစ်နိုင်တယ်။ ခင်ဗျားက ဝန်မခံရဲတဲ့လူမှ မဟုတ်ဘဲ။ စန့်ကွမ်းထင်းကို သတ်ရင် သတ်တယ်လို့ ပြောမှာပါ'

တုမုရန် ပြုံးလိုက်ပြီး…





'ကောင်းပြီ။ ဒီလိုဆို ခင်ဗျား ဘာကြောင့် ကျုပ်ကို တိုက်ခိုက်ရတာလဲ'

တိဝမ်းက မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

တိအင်းက ကြားဖြတ်လိုက်သည်။

'ခင်ဗျားက ကျုပ်တို့ ဂူတန်းသိုင်းအဖွဲ့က ပိုင်တဲ့ ကျမ်းကို ခိုးယူသွားတာကိုး။ ဒါကို ပြန်ရရင်တော့ ကျေနပ်မယ်'

ယခုမှပင် တမန်တော်ငါးယောက် ရောက်ရှိလာရသည့် အကြောင်းရင်းကို တုမုရန် နားလည်လိုက်သည်။ သူတို့သည် စန့်ကွမ်းထင်းကို အလေးမထားဘဲ ကျမ်းစာအုပ်သာ အလိုရှိကြောင်း သိရ၏။ တုမုရန်က ပြုံးလိုက်ပြီး…

'တာမင်ဓားကျမ်းက ဂူတန်သိုင်းအဖွဲ့က ပိုင်တာ မဟုတ်ပါဘူး။ သိုင်းအဖွဲ့ချုပ် ဝုကျိဝမ်းရဲ့ ပစ္စည်းပါ'

'ဝုကျိဝမ်းက သိုင်းအဖွဲ့ချုပ်ဗျ။ ဒါကြောင့် ဝုကျိဝမ်းရဲ့ ပစ္စည်းကို အဖွဲ့က ပိုင်တယ်'

တုမုရန်က…

'ကျုပ်က ဝုကျိဝမ်းရဲ့ သမက်ဗျ။ ကျုပ်ကသာ ပိုပြီး ပိုင်တာ။ အဖွဲ့ပိုင်တာဆိုရင် ပြန်ပေးတယ်။ ဝုကျိဝမ်း ပိုင်တာဆိုတော့ ဘာဖြစ်လို့ ပြန်ပေးရမှာလဲ'

တိဝမ်း တွေသွားသည်။ တုမုရန်၏စကားသည် မှန်ကန်နေသည်။

တိအင်းက ခေါင်းခါယမ်းပြီး…

'ခင်ဗျားက ဂူတန်အဖွဲ့သားဆိုရင် အရေးမကြီးဘူး။ ခင်ဗျားက အဖွဲ့သားမှ မဟုတ်တာ'

'ဝုကျိဝမ်းက ဒီလိုအမိန့်မျိုး ထုတ်ထားလို့လား'

'ဘာပဲဖြစ်ဖြစ် သိုင်းကျမ်းကို ပြန်ပေးပါ။ ပြန်မပေးရင် ကျုပ်ကို အဆိုးမဆိုနဲ့'

'မပေးနိုင်ဘူး'

သူ စကားဆုံးသည်နှင့် ကျူးစင်းက ဝင်ရောက်တိုက် လေသည်။ ယခုတစ်ကြိမ် သူ၏တိုက်ခိုက်မှုသည် ပြင်းထန်လှ သည်။ တုမုရန်က ပြုံးပြီး ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်သည်။ သူသည် မြားတစ်စင်းပမာ ကျူးစင်းထံ တိုးဝင်သွားပြီး မျက်ခုံးမွေးနှစ်ခုကြားသို့ လက်ညှိုးဖြင့် ထိုးသွင်းလိုက်၏။

တိဝမ်းက ရင်ထိတ်သွားပြီး…

'ရပ်လိုက်'

သူသည် ပြောပြီး တုမုရန်၏ နောက်ကျောကို ရိုက်ချ လိုက်သည်။ တုမုရန် မဲ့ပြုံးပြုံးလိုက်ပြီးဖြစ်သည်။





သူ၏တိုက်ကွက်မှာ ဟန်ပြသာဖြစ်သည်။ သူသည် ကိုယ်ကိုလှည့်လိုက်ပြီး တိဝမ်းထံ လက်ဝါးတစ်ချက် ရိုက်ချ လိုက်သည်။

ထို့ကြောင့် တိဝမ်း၏ လက်ဝါးက သူ၏ဝဲဘက်ပခုံး ကို ရိုက်မိပြီး၊ သူ၏လက်ဝါးက တိဝမ်းရင်ဝအား ရိုက်ချလိုက် သည်။

'ဝုန်း'

တုမုရန်က နောက်သို့ခြေလှမ်းတစ်လှမ်း ဆုတ်လိုက် သည်။ တိဝမ်းက ခြေလှမ်းသုံးလှမ်းမျှ ဆုတ်လိုက်ရပြီး…

'ဝေါ့'

ပါးစပ်မှ သွေးများ အန်ကျလာသည်။

အမှန်မှာ တုမုရန်သည် ရင်ဆိုင်ရန် ခက်ခဲလှသော တိဝမ်းအား ရှုံးနိမ့်စေရန် ပရိယာယ်ဆင်ခြင်းပင် ဖြစ်သည်။

တိဝမ်း ဒဏ်ရာရသည်ကို တွေ့မြင်လိုက်ရသည်နှင့် ကျန်လူများ မျက်နှာပျက်သွားကြသည်။

တုမုရန် သဘောကျစွာ ရယ်မောလိုက်သည်။

* * *

တုမုရန်သည် တဟားဟား ရယ်မောပြီး...

'ခင်ဗျား ရှုံးသွားပြီ'

တိဝမ်း ဒေါသထွက်လာကာ...

'အားလုံး တိုက်ကြ'

သူတို့လေးယောက် စီတန်း၍ ရပ်နေကြသည်။ တုမုရန်သည် တိဝမ်းရှုံးသွားပြီး ကျန်လူများက သူ့အား မတိုက်ရဲဟု ထင်မှတ်ထားသည်။

ထိုစဉ်မှာ...

တိဝမ်းက...

'တိအင်းက ယာလက်ဝါး'

သူ၏ စကားဆုံးသည်နှင့် တိအင်းက ယာလက်ဝါးဖြင့် တုမုရန်ထံ ရိုက်ထုတ်လိုက်သည်။

'တိခုန်းက ဝဲဘက်လက်ဝါး'

တိခုန်း ဝဲဘက်လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'ကျူးစင်း ခြေထောက်'

ရုတ်တရက် ကျူးစင်းက မြေပေါ်သို့ ထိုင်ချလိုက်ပြီး တုမုရန်၏ ခြေထောက်ကို လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်လိုက်လေသည်။





'ကျူးတောင်းက ဦးခေါင်း'

ကျူးတောင်း၏ ခန္ဓာကိုယ်သည် အပေါ်သို့ ခုန်တက်သွားပြီး တုမုရန်၏ ဦးခေါင်းအား လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်လိုက်လေသည်။

တုမုရန် ထိတ်လန့်သွားသည်။ အပြုံးများ ပျောက်ကွယ်သွားကြသည်။ ပြင်းထန်သောအားများသည် သူ့ထံသို့ တစ်စတစ်စ ဝင်ရောက်လာနေသည်ကို ခံစားလိုက်ရသည်။

'ဝက်ပါသိုင်း'

တုမုရန်နဖူးမှ ချွေးများ ကျလာလေသည်။ သူ၏ ခြေလှမ်းများ နောက်ကိုသာ ဆုတ်နေရသည်။

တိဝမ်း၏ အသံကား အဆက်မပြတ်...

'တိခုန်းက လက်သီး'

'ကျူးတောင်းက လက်ဝါးစောင်း'

'ကျူးစင်းက ခြေထောက်'

တုမုရန်၏ ခြေထောက်များ တဖြည်းဖြည်း နွေးကွေးလာသည်။ တုမုရန် အသံတစ်ချက် အော်လိုက်ပြီး နောက်သို့ ဆုတ်သွားသည်။ ယခု တုမုရန် ဒဏ်ရာရသွားပြီ။ သူသည် အံကိုတင်းတင်းကြိတ်ပြီး...

'ဒီကနေ့ မင်းတို့ကို ကျုပ်သတ်မယ်'

သူသည် ပြောပြီး လက်တစ်ချက် ဆန့်လိုက်သည်။ လက်ညှိုးနှင့်လက်မကို ကွေးကာ တီအင်းတို့လူစုထံသို့ တောက်ထုတ်လိုက်သည်။

တီဝမ်းက ရင်ထိတ်သွားသည်။

'ဒါဟာ တာမင်ဓားကျမ်းက လက်ညှိုးတောက် ပညာပါလား'

တီဝမ်း၏ စကားကြောင့် အားလုံးလန့်သွားကြသည်။ သူတို့ ကပျာကယာ နောက်ဆုတ်လိုက်သည်။

'ဟား... ဟား... ဟား ဘာတတ်နိုင်သေးလဲ'

တီဝမ်းက ဒေါသထွက်ပြီး...

'ဂူတန်သိုင်းအဖွဲ့ လူတွေကို ဂူတန်က ပညာနဲ့ တိုက်တာ တော်တော် လေးစားဖို့ ကောင်းပါတယ်'

'ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ ကြာပန်းတောင်က ဆင်းသွားဖို့ အချိန်ရသေးတယ်ဗျ'

တီဝမ်းက အံကြိတ်ပြီး...

'ကျူးစင်း နဂါးမြေလျှိုး'

'ကျူးတောင်းက မြွေဟောက်တွင်းထွက်'





'တီအင်းက မျောက်ဝံခြေထောက်'

တီအင်းက မြေပေါ်သို့ ခြေတစ်ဖက်ဆောင့်ကာ တုမုရန်၏ ဦးခေါင်းကို ခြေထောက်ဖြင့် ကန်လိုက်သည်။

'တီခုန်းက စာပေစုတ်တံ'

ရုတ်တရက် လက်နှစ်ဖက် ဘေးသို့ဆန့်တန်းထားရာမှ တုမုရန်၏ရင်ဝသို့ ထိုးစိုက်လိုက်သည်။

'ဝုန်း'

တုမုရန် မြေပေါ်သို့ လဲကျသွားလေသည်။ သို့သော် ချက်ချင်းပင် ပြန်ထနိုင်သည်။ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးလာသည်။

'ယား'

အသံတစ်ချက်ပေးပြီး အတွင်းအား အနည်းဆုံး ဖြစ်သော တီခုန်းထံလက်ဝါးဖြင့် တွန်းထုတ်လိုက်သည်။

တီခုန်း နောက်သို့ ရှောင်လိုက်သည်။

'သေပေတော့'

ကျူးစင်းက ကြုံးဝါးပြီး တုမုရန်၏နောက်ကျောသို့ လက်ဝါးဖြင့် ရိုက်ချလိုက်ရာ တုမုရန်က ခြေဖြင့် ကန်ထုတ်လိုက်သည်။

'ဝုန်း'

ကျူးစင်း မရှောင်နိုင်။ အဝေးသို့ လွင့်သွားသည်။ ထိုအချိန်မှာပင် တုမုရန်၏ လက်ဝါးသည် တိခုန်း၏ရင်ဝသို့ တည့်မတ်စွာ ရိုက်ချလိုက်သည်။

'အား'

တိခုန်းလည်း အော်ပြီး မြေပေါ်သို့ လဲကျသွားသည်။ တိုက်ပွဲကား ပြီးဆုံးသွားပြီ ဖြစ်သည်။

'ဒီကနေ့ မင်းတို့ကို ငါသတ်မယ်'

ထိုစဉ်မှာပင် လူရိပ်တစ်ရိပ် ပြေးလွှားလာသည်ကို တွေ့လိုက်ရသည်။

စင်းစင်းပင် ဖြစ်ပါသည်။

စင်းစင်းက တုမုရန်၏ ရှေ့တွင် ဒူးထောက်လိုက်ပြီး...

'ဖေဖေ သူတို့ကို လွှတ်လိုက်ပါ'

တုမုရန် မျက်မှောင်ကြုတ်သွားပြီး...

'သူတို့က ဖေဖေ့ရန်သူတွေဆိုတာ သမီးမသိဘူးလား'

စင်းစင်း ငိုကြွေးရင်း...

'သမီး သိပါတယ်ဖေဖေ။ ဒါပေမယ့် သူတို့ကို





သတ်လိုက်ရင် ဖေဖေ့ကို နောက်ထပ် ကလဲ့စားချေမယ့်သူတွေ ထပ်ရောက်လာကြဦးမှာပဲ။ ဒီလိုဆိုရင် ဖေဖေ့ဘဝဟာ အေးအေးချမ်းချမ်း နေရတဲ့အချိန် ရှိဦးမှာလား'

သူမ၏ စကားကြောင့် တုမုရန် တွေဝေသွားသည်။ မှန်ပါသည်။ သူသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ပြုလုပ်ခဲ့သော အမှားများကြောင့် သူ့အားလုပ်ကြံသတ်ဖြတ်လိုသူ ပေါများနေသည်။ သူ၏စိတ်တွင် နောင်တတရားများ ရလာပြီး ဖြစ်သည်။

တုမုရန်က အေးစက်စွာဖြင့်...

'ကဲ ခင်ဗျားတို့ ဒီတောင်ပေါ်က အမြန်ဆုံး ဆင်းသွားကြရင် ကျုပ်က ချမ်းသာပေးလိုက်မယ်'

သူ၏ စကားဆုံးသည်နှင့် တိဝမ်းတို့တောင်ပေါ်မှ ပြေးဆင်းသွားကြလေသည်။

တိခုန်းနှင့် ကျူးစင်းတို့မှာ ဒဏ်ရာပြင်းထန်သဖြင့် တိအင်းနှင့် ကျူးတောင်းတို့က ပခုံးပေါ်တွင် ထမ်းကာခေါ်သွားကြရသည်။

စင်းစင်းသည် မယုံကြည်နိုင်စွာဖြင့် တုမုရန်အား ကြည့်လိုက်သည်။

'ဖေဖေ သူတို့ကို တကယ်လွှတ်လိုက်တယ် ဟုတ်လား'

တုမုရန် ပြုံးလိုက်ပြီး...

'သမီးက ဖေဖေ့ကို အသိအမှတ်ပြုတော့ ဖေဖေက သူတို့ကို လွှတ်လိုက်တာပေါ့ သမီးရယ်'

စင်းစင်း မျက်ရည်များ ကျလာသည်။ တုမုရန်အား လူဆိုးတစ်ယောက်အဖြစ် မှတ်ယူထားကြသော်လည်း ရင်ထဲ၌ လူသားဆန်သော အသည်းနှလုံးရှိနေသည်ကိုမူ စင်းစင်းမှ လွဲ၍ မည်သူမျှ မသိနိုင်ပါ။

▼ ❐ ▼

မင်းစာပေ

# အခန်း (၂၀)

စန့်ကွမ်းထင်း မျက်လုံး ဖွင့်ကြည့်လိုက်သည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်၍ နေသည်။ နေရောင်ခြည်သည် သစ်ပင်များကြားမှ ထိုးဖောက်လျက် ရှိသည်။

စန့်ကွမ်းထင်း အံ့ဩသွားသည်။

သူသည် အလုံပိတ်အခန်းတွင် ပိတ်လှောင်ခြင်းခံရသည် ဖြစ်သည်။ ယခု တောအုပ်တစ်ခုအတွင်း ရောက်ရှိနေပြီး၊ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ လဲလျောင်းနေသည်ကို တွေ့ရသည်။

ရုတ်တရက် စန့်ကွမ်းထင်းက အနက်ရောင်ဝတ်စုံဝတ်ဆင်ထားပြီး မျက်နှာတွင် မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်ကို သ[illegible]ပသည်။

မင်းစာပေ

ထို မျက်နှာဖုံးရှင်သည် အခန်းတံခါးဖွင့် ဝင်ရောက်လာပြီး သူ့အား သွေးကြောပိတ်ခဲ့သည်ကိုလည်း အမှတ်ရလာ၏။

သူသည် လဲနေရာမှ လူးလိုမ့်၍ ထလိုက်သည်။

ယခုမှပင် သူ၏ ဝမ်းမှာ အလွန် ဆာလောင်လာကြောင်းကို သတိပြုမိသည်။

လူတစ်ယောက်သည် ဗိုက်ဆာသောအခါ စားသောက်ဖွယ်ရာများကို မြင်ယောင်လာတတ်သည်။ ရုတ်တရက်...

သူ၏ နှာခေါင်းထဲ၌ မွှေးကြိုင်သော အနံ့တစ်ခုကို ခံစားလိုက်ရသည်။

အသားများ မီးကင်နေသောအနံ့ ဖြစ်သည်။

စန့်ကွမ်းထင်း အံ့သြသွားသည်။ သူသည် မွှေးကြိုင်သော အနံ့ထွက်ပေါ်ရာသို့ လျှောက်သွားသည်။

ခြေလှမ်းအနည်းငယ် လှမ်းမိသောအခါ အဘိုးအိုတစ်ယောက်က ယုန်တစ်ကောင်ကို မီးကင်နေသည်ကို တွေ့မြင်လိုက်ရသည်။

ယုန်သားကင် အနံ့များ မွှေးကြိုင်စွာ ထွက်ပေါ်နေသည်။ စန့်ကွမ်းထင်း၏ ဝမ်းဗိုက်ကလည်း တကြုတ်ကြုတ်မြည်လာသည်။





ယုန်သားကင်နေသော အဘိုးအိုမှာ လက်တစ်ဖက်ပြတ်နေပြီး တစ်ကိုယ်လုံး ညစ်ပတ် ပေရေနေသည်။

သူ၏ ပုံမှာ သူတောင်းစားတစ်ယောက်ကဲ့သို့ ဖြစ်နေသည်။ အဘိုးအိုသည် စန့်ကွမ်းထင်း၏ ခြေသံကို ကြားသဖြင့် နောက်သို့ လှည့်ကြည့်လိုက်သည်။ သူသည် စန့်ကွမ်းထင်းကို တွေ့သောအခါ သဘောကျပြီး...

'မင်း သတိရပြီလား'

ပြောပြီး မတ်တတ်ရပ်လိုက်သည်။ သူ၏ ခြေတစ်ဖက်မှာလည်း ထော့နဲ့နဲ့ ဖြစ်နေသည်။

'ကျုပ်ကို ဖမ်းခေါ်လာတာ ခင်ဗျားလား'

အဘိုးအိုက ပြုံးလျက်...

'ဟုတ်တယ်'

'ဘာကြောင့် ကျုပ်ကို ဖမ်းခေါ်လာရတာလဲ'

အဘိုးအိုသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'ပထမတော့ ကျုပ်က မင်းကို တုမုရန်နဲ့ ပတ်သက်တဲ့လူ ထင်ပြီး တုမုရန်ကို အကျပ်ကိုင်ဖို့ ဖမ်းခေါ်လာတာပဲ။ ဒါပေမယ့် တုမုရန်က မင်းကို ဖမ်းချုပ်ထားတာ ဖြစ်ရမယ်လို့ ယူဆမိလို့ မင်းကို သွေးကြောမပိတ်ဘဲ ထားတာ'

'ဒီလိုဆို ကျုပ်ကို ကြာပန်းတောင်ပေါ်ကို ပြန်ပို့ပေးပါ'

'မင်းက တုမုရန်နဲ့ ပတ်သက်နေလို့လား'

'မဟုတ်ပါဘူး'

'မင်းကို တုမုရန်က ဖမ်းထားတာ မဟုတ်ဘူးလား'

'ဟုတ်တယ်'

အဘိုးသည် မျက်မှောင်ကြုတ်သွားပြီး...

'ဒါဆို မင်းက ဘာကြောင့် ကြာပန်းတောင်ပေါ်ကို ပြန်သွားချင်ရတာလဲ'

'တုမုရန်က ကျုပ်ကို ဖမ်းထားတာဗျ။ ကျုပ်က ဘယ်သူပဲ ကယ်ပါစေ ထွက်မပြေးဘူး။ ကျုပ် အစွမ်းအစနဲ့ လွတ်အောင် လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်ဗျ'

အဘိုးအိုက မဲ့ပြုံး ပြုံးလိုက်ပြီး...

'မင်းရဲ့ သိုင်းပညာနဲ့ တုမုရန်လက်က ထွက်ပြေးလို့ ရမလား'

'ကျုပ်အသက် သေချင်သေပါစေ။ လွတ်အောင် လုပ်ရမှာပဲ'

'မင်း မဆိုးဘူး'

သူသည် ပြောပြီး စန့်ကွမ်းထင်းအား ဝင်ရောက် တိုက်ခိုက်လိုက်သည်။





စန့်ကွမ်းထင်း စိတ်ဆိုးသွားပြီး...

'ခင်ဗျား ဘာလုပ်တာလဲ'

သူသည် အဘိုးအိုကို ပြောပြီး ကပျာကယာ ပြန်လည် ခုခံ တိုက်ခိုက်လိုက်သည်။ သို့သော်...

သိုင်းကွက်သုံးကွက်အတွင်းမှာပင် အဘိုးအို လက်က သူ၏ ရင်ဝ,သို့ ရိုက်ချလိုက်လေသည်။

'ဝုန်း'

စန့်ကွမ်းထင်း ကိုယ်ခန္ဓာ အဝေးသို့ လွင့်စဉ်သွား သည်။ သို့သော်...

သူက ချက်ချင်း လူးလဲထပြီး အဘိုးအိုထံ ဝင်ရောက် တိုက်ခိုက်လိုက်သည်။

'ဝုန်း'

စန့်ကွမ်းထင်း ဒုတိယအကြိမ် လွင့်စဉ်သွားပြန် သည်။ ယခုတစ်ကြိမ်တွင် အတန်ကြာမှ ပြန်ထနိုင်သည်။

သူသည် ခြေထောက်နှစ်ဖက် မြေပေါ်သို့ ရပ်မိသည်နှင့် အံကို တင်းတင်းကြိတ်ကာ အဘိုးအိုထံသို့ ပြန်လည် တိုက်ခိုက် လိုက်ပြန်သည်။

'ဝုန်း'

ယခုတစ်ကြိမ်တွင်တော့ ပြန်လည် ထနိုင်စွမ်း မရှိပါ။ သတိလစ် မေ့မြောသွားလေသည်။

*   *   *

အချိန် ကုန်မှန်းမသိ ကုန်ဆုံးသွား၏။

စန့်ကွမ်းထင်းက သတိရလာပြီး ဖြစ်သည်။

သူသည် သတိရလာသည်နှင့် လူးလိမ့်ကာထ,ပြီး အဘိုးအိုို ရှာဖွေလိုက်သည်။ အဘိုးအိုက မနီးမဝေးတွင် မလှုပ်မယှက် ထိုင်နေသည်ကို တွေ့ရသည်။

စန့်ကွမ်းထင်း ဒေါသထွက်လျက် အဘိုးအိုအား တိုက်ခိုက်ရန် ပြင်လိုက်သည်။

အဘိုးအိုက လှုပ်ရှားခြင်း မပြုဘဲ ပြုံးနေပေသည်။ စန့်ကွမ်းထင်း အံ့သြသွားသည်။ သူ၏ တစ်ကိုယ်လုံးမှာလည်း အဘိုးအိုနှင့် တိုက်ခိုက်ခဲ့သဖြင့် ဒဏ်ရာရသော နာကျင်မှု မရှိပါ။ တစ်ကိုယ်လုံး ပေါ့ပါး လန်းဆန်းနေသည်။

'ယုန်သားကင် စားလိုက်ပါဦး'

စန့်ကွမ်းထင်း မလှုပ်မယှက် ရပ်နေသည်။

'မင်းက တုမှုရန် လုပ်ကြံဖို့ဆို နောက်ထပ် ဆယ်နှစ် လေ့ကျင့်တောင် မဖြစ်သေးဘူး'





အဘိုးအိုက…

'မင်းက လူတစ်ယောက်ဆီမှာ တပည့်ခံပြီး သိုင်းပညာသင်ရင်တော့ တုမှုရန်ကို သုတ်သင်နိုင်မှာပဲ'

စန့်ကွမ်းထင်း မျက်နှာ ဝင်းလက်သွားသည်။ သူသည် ဟန်ပင် မဆောင်နိုင်ဘဲ…

'ခင်ဗျားက သိလို့လား'

'သိတာပေါ့'

စန့်ကွမ်းထင်း မျက်နှာ ဝမ်းမြောက်ဝမ်းသာဟန် အမူအရာဖြင့်…

'သိရင် ကျွန်တော့်ကို ပြောပြပါလားဗျာ'

သူ၏ လေသံမှာ ယခင်နှင့်မတူ ပျော့ပျောင်း၍ လာလေသည်။ အဘိုးအိုသည် မျက်နှာထား တည်ကြည်လေးနက်စွာဖြင့်…

'မင်းက တကယ်ပဲ တပည့်ခံချင်သလား'

စန့်ကွမ်းထင်းက ခေါင်းညိတ်လိုက်ပြီး…

'ဟုတ်ပါတယ်'

အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်ပြီး…

'တကယ် ပြောတာလား'

'ဟုတ်ပါတယ် တကယ်ပါ'

'ဒီလိုဆိုရင်တော့ မင်း ကျုပ်ကို အရိုအသေ ပေးပေတော့'

စန့်ကွမ်းထင်းက ကြောင်အမ်းအမ်း ဖြစ်သွားပြီး

'ခင်ဗျား ဘာကို ပြောလိုက်တာလဲ'

အဘိုးအိုက ပြုံးပြီး...

'မင်း ကျုပ် ပြောတာ နားမလည်ဘူးလား'

'ဟုတ်ပါတယ်'

အဘိုးအိုက ထပ်မံ ပြုံးပြပြီး...

'မင်းကို သိုင်းပညာ သင်ပေးမယ့်လူဟာ ကျုပ်ပဲ'

သူ၏ စကားဆုံးသွားသည်နှင့် စန့်ကွမ်းထင်းက ကြောင်အမ်းအမ်း ဖြစ်နေရာမှ ကပျာကယာ ဒူးထောက်လိုက်ပြီး...

'ဆရာ'

စန့်ကွမ်းထင်းက ခေါ်လိုက်လေသည်။

▼ ❒ ▼



## အခန်း (၂၁)

အိလန်၏ ခြေလှမ်းများ ပြေးလွှားနေ၏။

သူမသည် ကြာပန်းတောင်ထိပ်ပေါ်သို့ တက်ရာလမ်းအတိုင်း ပြေးလွှားနေခြင်း ဖြစ်သည်။

သူမသည် ချူးရှန် ကြာပန်းတောင်ထိပ်သို့ သွားမည်ကို သိသဖြင့် တောင်ပေါ်သို့ လိုက်လာခဲ့ခြင်း ဖြစ်သည်။

သူမ၏ ခြေလှမ်းများ တစ်စတစ်စ မြန်လာသည်။ တောင်ထိပ်ပေါ်သို့ရောက်ရန် အနည်းငယ်မျှသာ လိုတော့သည်။

ထိုစဉ် ကြာပန်းတောင်ပေါ်မှ ရူးရှစွာ အော်ဟစ်လိုက်သံ ကြားလိုက်ရသည်။

အိလန် ခြေလှမ်း ရပ်လိုက်သည်။ ကြာပန်းတောင်ပေါ်တွင် တိုက်ပွဲဖြစ်နေပြီဟု သိလိုက်သည်။ ရှေ့ဆက်ရန် သင့်၊

မသင့် စဉ်းစားနေသည်။ သို့သော်

ချူးရှန်တောင်ထိပ်ပေါ်သို့ တက်သွားသဖြင့် စိုးရိမ်ကာ လိုက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်မှာပင် တောင်ပေါ်လမ်းကလေးအတိုင်း လူရိပ်များ ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရသည်။

အိလန် ကပျာကယာ သစ်ပင်တစ်ပင်နောက်သို့ ပုန်းလိုက်ရသည်။ မကြာမီ ထိုလူရိပ်များ အိလန်ကို ကျော်ကာ ဖြတ်သွားကြသည်။ အိလန် မျက်မှောင်ကြုတ်လိုက်ပြီး...

'ပြေးလွှားသွားကြတာ ဂူတံန်အဖွဲ့က တမန်တော်တွေပါလား။ သူတို့ကို ကြည့်ရတာ ကြောက်လန့်နေပုံရတယ်'

စိတ်ထဲမှ ရေရွတ်မိသည်။ အိလန် ချူးရှန်အတွက် စိုးရိမ်ကာ တောင်ပေါ်သို့ ဆက်တက်လာခဲ့သည်။ ထိုစဉ် သူမ၏ နောက်မှ သက်ပြင်းချသံကို ကြားရသည်။

အိလန်ကိုယ်သည် ဆတ်ခနဲ တုန်ခါသွားပြီး နောက်သို့ လှည့်ကြည့်လိုက်ရာ မနီးမဝေး သစ်ပင်အောက်တွင် အဘွားအိုတစ်ယောက် ငြိမ်သက်စွာ ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။





အိလန် အံ့သြသွားသည်။သူမနောက်သို့ လူ တစ်ယောက် ရောက်ရှိလာသည် ကိုပင် သူမ မသိရှိခဲ့သည့်အတွက် ထိုလူသည် ကိုယ်ဖော့ပညာ ထိပ်တန်းအဆင့်ထက် ကျော်လွန်နေပြီ ဖြစ်ကြောင်း သိရှိလိုက်ရ၏။

အဘွားအိုက သက်ပြင်း တစ်ချက်ချပြီး...

'မိန်းကလေး တောင်ပေါ်တက်သွားမလို့ ဟုတ်လား'

အိလန်က ခေါင်းညိတ်ပြပြီး...

'ဟုတ်ပါတယ်'

'ဒီလိုဆိုရင် မိန်းကလေး သေသွားမှာပေါ့'

အိလန်က ဒေါသထွက်လာပြီး...

'ရှင်နဲ့ ဘာဆိုင်သလဲ'

အဘွားအိုက မဲ့ပြုံးပြုံးလိုက်သည်။ သူမ၏ လက်ထဲမှ တောင်ဝှေးကို မြေပေါ်သို့ တစ်ချက် ဆောင့်လိုက်ပြီး...

'ကျုပ်ကို ဒီလို စကားမာမာ အပြောမခံခဲ့ရတာ နှစ်ပေါင်း အတော်ကြာသွားပြီ။ ယခု မိန်းကလေးနဲ့ တွေ့မှပဲ ကြားရတော့တယ်'

'ရှင်က ကျွန်မ သွားမယ့်လမ်းကို တားဆီးချင်တာကိုး'

'မိန်းကလေးက ချူးရှန်ကို တွေ့ချင်လို့ ကြာပန်းတောင်ပေါ် တက်သွားချင်တာ မဟုတ်လား'

အဘွားအိုစကားကြောင့် အိလန် ရင်ထိတ်သွားသည်။

'ရှင် ဘယ်လိုလုပ် သိသလဲ'

'သိတာပေါ့ မင်း ချူးရှန်နောက်ကို တစ်ချိန်လုံး လိုက်နေတာ၊ ကျုပ်လဲ တစ်ချိန်လုံး လိုက်နေတာ'

အဘွားအိုစကားကြောင့် အိလန် အံ့သြသွားသည်။

အဘွားအို ချူးရှန် နောက်သို့ အဘယ်ကြောင့် လိုက်နေသည်ကို သူမက သိလိုသော်လည်း မမေးဝံ့ပါ။

အဘွားအိုက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'အင်း... ချစ်ခြင်းမေတ္တာဆိုတာ တော်တော်ဆိုးရွားပါလား။ ကျုပ်လဲ မင်းအရွယ်လောက်က အခုလို ကြုံခဲ့ရတာပဲ'

အဘွားအိုစကားကြောင့် အိလန် မျက်လုံးပြူးသွား၏။ အဘွားအိုက ဆက်၍...

'ချစ်ခြင်းမေတ္တာဆိုတာ တစ်ဖက်စွန်း သိပ်ရောက်ရင် အမုန်းတရားတွေ ဖြစ်လာတတ်တယ်ဆိုတာကို လူတွေက သတိမထားမိကြဘူးကွယ့်'

အဘွားအို၏ စကားသည် အေးစက်၍ ခက်ထန်နေသည်။ အဘွားအို၏ မျက်လုံးအစုံမှာလည်း ရက်စက်





ကြမ်းကြုတ်သော အရိပ်အယောင်များ ပေါ်လာသည်။ အိလန် ထိတ်လန့်သွားပြီး နောက်သို့ ဆုတ်သွား၏။

အဘွားအိုက ပြုံးလိုက်ပြီး...

'ညည်းက သိပ်ကြောက်သွားသလား။ တစ်ချိန်မှာ ချူးရှန်က တခြား မိန်းကလေးကို လက်ထပ်လိုက်မယ်ဆိုရင် ညည်းလဲ ကျုပ်လို ခံစားရမှာပဲ'

အိလန်က မျက်မှောင်ကြုတ်သွားသည်။

အဘွားအိုသည် ချစ်သူ ပစ်သွားခြင်း ခံခဲ့ရသော လူတစ်ယောက်ဖြစ်မည်ကို သူမ နားလည်လိုက်သည်။

'ညည်း ချူးရှန်ကို တကယ်ပဲ မေတ္တာရှိသလား'

အိလန် ခေါင်းငုံ့ထားလိုက်သည်။ သူမ၏ မျက်နှာမှာ ရှက်လွန်းသဖြင့် နီရဲသွားလေသည်။

'ညည်း ချူးရှန်ကို လက်ထပ်နိုင်အောင် ကျုပ် ကူညီမယ်ဆို ညည်း လက်ခံမလား'

အိလန် အံ့သြသွားသည်။

သူမသည် ချူးရှန်အပေါ် တကယ်ပင် မေတ္တာရှိသည်ကို သူမ ယုံကြည်ထားသည်။ ယခု အဘွားအိုက ကူညီမည် ပြောသောအခါ အိလန် အလွန်ပင် ဝမ်းသာသွားလေသည်။

သို့သော် မဝံ့မရဲဖြင့်...

'သူက ဘွားဘွားစကားကို နားထောင်ပါ့မလား'

'ဘွားဘွား သွားပြောရမှာပေါ့'

အိလန်က အံ့သြသွားပြီး...

'ဖြစ်ပါ့မလားရှင် ကျွန်မက သူ့အပေါ် အကျပ်ကိုင်တာ မလိုလားပါဘူးရှင်'

အဘွားအိုက သဘောကျစွာဖြင့်...

'သူက ကျုပ် စကားကို မဖယ်ရှားဝံ့ပါဘူး'

'ဘာဖြစ်လို့လဲ'

'သူက ကျုပ်တပည့် ဖြစ်နေလို့ပေါ့'

သူမ၏ စကားကို ကြားရသောအခါ အိလန် ထခုန်မိမတတ် ဖြစ်သွားပေသည်။

❁ ❁ ❁

အိလန်သည် ယခုမှပင် အဘွားအိုအား သေချာစွာ ကြည့်မိလေတော့သည်။

အဘွားအိုသည် အလွန် အဖိုးတန်သော ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားပြီး ချမ်းသာကြွယ်ဝပုံ ရသည်။

သူမ၏ ဆံပင်များ နှင်းကဲ့သို့ ဖြူနေပြီး၊ လက်ထဲတွင် သံမဏိတောင်ဝှေးတစ်ချောင်းကို ကိုင်ဆောင်ထားသည်။





ထိုတောင်ဝှေးထိပ်တွင် ရွှေရောင်တဝင်းဝင်း တောက်ပနေသော ပျားတစ်ကောင်ပုံကို ထုထားသည်။ ထိုပျားရုပ်သည် တကယ့်ပျားအလား မာန် ရှိနေသည်။

အိလန်က ထိတ်လန့်သွားပြီး...

'ရှင်... ရှင်က ပျားဒေဝီတောင်တန်းကလား'

အဘွားအို ခေါင်းညိတ်ပြီး...

'မင်း မဆိုးဘူး'

'ဒါဆို ပျားဒေဝီပေါ့'

'ကဲ... ညည်း ချူးရှန်နဲ့ လက်ထပ်ချင်ရင် ကျုပ်နောက်ကို လိုက်ခဲ့တော့'

ပြောပြီး တောင်အောက်သို့ ပြေးဆင်းသွားလေသည်။

'ချူးရှန်က တောင်ပေါ်မှာပဲ'

ပျားဒေဝီသည် ဘာမျှ မကြားသည့်အလား ပြေးသွားပေသည်။ သူမသည်လည်း အဘွားအိုနောက် ပြေးလိုက်သွားလေတော့သည်။

ပျားဒေဝီသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က ကျော်ကြားသော သိုင်းသမားတစ်ယောက် ဖြစ်သည်။ သူမသည် ကိုယ်ဖျောပညာနှင့် လက်နက်ပုန်းပညာမှာ အလွန်ပင် တော်နေလေသည်။

ပျားဒေဝီသည် တုမုရန်အပေါ် မေတ္တာရှိခဲ့သည်။

သို့သော် တုမုရန်က သူမအား ဂရုမစိုက်ဘဲ တခြားမိန်းကလေးကို လက်ထပ်ခဲ့သည်။

တုမုရန်က သူမအား ဂရုမစိုက်သည့်အကြောင်းမှာ ပျားဒေဝီသည် အဆိပ်လက်နက်ပုန်းများကို ကြောက်ရွံ့သည့်အပြင် ပျားဒေဝီသည် အရုပ်ဆိုးသောကြောင့်ပင် ဖြစ်သည်။

ပျားဒေဝီကို ချူးရှန်၏ မိခင်က ချူးရှန်အား သိုင်းပညာ သင်ပေးရန် ခွင့်တောင်းသောအခါ သူမ ကြည်ဖြူစွာ သင်ပေးခဲ့သည်။

ချူးရှန်က သူမနှင့် လမ်းခွဲခါနီးတွင် တုမုရန်အား သုတ်သင်ရန် ကတိတောင်းခံခြင်း ဖြစ်လေသည်။

ပျားဒေဝီ၏ မေတ္တာတရားကို သူမကိုယ်တိုင်မှ လွဲ၍ မည်သူမျှ မသိနိုင်ပါ။

ပျားဒေဝီသည် လက်နက်ပုန်းများတွင် အလွန်ပြင်းထန်သော အဆိပ်များ ရှိနေသောကြောင့် သူမ၏ လက်ချက်ကြောင့် သေဆုံးရသော သိုင်းသမားများမှာ မနည်းလှချေ။

ပျားဒေဝီသည် အဆိပ်ကို ကျွမ်းကျင်စွာ အသုံးပြုတတ်





သူ တစ်ယောက်ဖြစ်ပြီး အလွန်ပင် ရက်စက် ကြမ်းကြုတ်သော လူတစ်ယောက်ပင် ဖြစ်သည်။

သူမ နေထိုင်သော တောင်တန်းမှာ သိသူ မရှိသလောက်ပင် လျှို့ဝှက်ပြီး အဆိပ်ပြင်းသော ပျားများ အစုလိုက်အပြုံလိုက် ရှိနေသည်ဟု ဆိုကြသည်။

ထို့ကြောင့် ...

လျှို့ဝှက်ဆန်းကြယ်ပြီး ရက်စက်တတ်သော ပျားဒေဝီကို လူတိုင်းက ကြောက်ရွံ့လာကြလေသည်။

သို့သော်သူမသည် အသည်းနှလုံးရှိသော မိန်းမသားတစ်ယောက် ဖြစ်ကြောင်းကို မည်သူကမျှ မသိကြပါ။

ပျားဒေဝီတွင် လူသိမခံလိုသော လျှို့ဝှက်ချက် တစ်ခုရှိသည်။ ထိုအရာမှာ မေတ္တာတရားပင် ဖြစ်သည်။

တုမုရန်အပေါ်တွင် ထားရှိသည့် သူမ၏ မေတ္တာတရားသည် အမုန်းတရားအဖြစ် ပြောင်းလဲသွားပြီး တုမုရန်အားလည်း ရန်သူတစ်ယောက်အဖြစ် သတ်မှတ်ထားလေသည်။

အကျည်းတန်သော ပျားဒေဝီ၊ ရက်စက် ကြမ်းကြုတ်သော ပျားဒေဝီက ထိုအချိန်က လူအများက သူ့ရဲကောင်းဟု

သာ အသိအမှတ်ပြုခဲ့သော တုမုရန်အား မေတ္တာရှိနေသည်ကို မည်သူကမျှ မထင်မှတ်မိသောကြောင့်ပင် ဖြစ်သည်။

အိလန်သည် ပျားဒေဝီနောက်သို့ လိုက်ပါသွားပြီး ဖြစ်သည်။

သို့သော်…

သူမသည် ချူးရှန်နှင့် လက်ထပ်နိုင်ပါမည်လား စဉ်းစားမိလေသည်။

▼ ❒ ▼



## အခန်း (၂၂)

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

ကြာပန်းတောင်ထိပ်သည် သစ်ပင်ပန်းပင်များ လွှမ်းမိုးထားသဖြင့် အမြဲတစေ အေးချမ်းနေသည်။

ချူးရှန်သည် စာကြည့်ခန်းမှ ထွက်လာပြီး ဘယ်သွားရမှန်းမသိ ဖြစ်နေသည်။ ချူးရှန် တစ်စုံတစ်ခုကို သတိရသဖြင့် စန့်ကွမ်းထင်း ချုပ်ထားသော အိမ်ကလေးသို့ သွားလိုက်သည်။

ထိုအိမ်ကလေးတွင် ထင်ကျန်နေသော မြေပေါ်မှ ချိုင့်ခွက်ကလေးများကို ကြည့်ပြီး ဝမ်းသာသွားသည်။

သူသည် ထိုချိုင့်ခွက်ရာအတိုင်း ခြေရာခံ လိုက်သွားသည်။ ချူးရှန်သည် **မစဉ်းစား**တော့ဘဲ ခြေရာခံကာ တောင်

အောက်သို့ ဆင်းလာခဲ့သည်။ ထိုချိုင့်ခွက်ကလေးများသည် တောအုပ်ကလေး တစ်ခုတွင် ပြီးဆုံးသွားလေသည်။

ချူးရှန် ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သောအခါ သစ်ပင် ဝါးပင်များမှအပ ဘာမျှ မတွေ့ရပေ။ စန့်ကွမ်းထင်း ဘယ်ရောက်သွားပြီလဲ စဉ်းစားနေစဉ်မှာပင် လူနှစ်ယောက် စကားသံကို ကြားလိုက်ရသည်။

သူသည် အားတက်သွားပြီး အသံလာရာသို့ တိတ်တဆိတ် ချဉ်းကပ်လိုက်သည်။ခြေလှမ်း တစ်ဆယ့်လေးငါးလှမ်းမျှ သွားမိသောအခါ လူနှစ်ယောက် စကားပြောသံကို ကြားရသည်။

အဘိုးအိုတစ်ယောက်နှင့် စန့်ကွမ်းထင်းတို့ ဖြစ်သည်။ အဘိုးအိုမှာ လက်တစ်ဖက်ပြတ်၍ နေသည်ကို တွေ့ရသည်။

အဘိုးအိုက ...

'မင်းကို ကျုပ်က ဘာဖြစ်လို့ သိုင်းသင်ပေးချင်သလဲ ဆိုတာ သိသလား'

'မသိပါဘူး'

'မင်းက တုမုရန်လက်က လွတ်အောင် ကြိုးစားချင်တယ် မဟုတ်လား'





'ဟုတ်ပါတယ်'

'မင်းက ကျုပ်ကို အသက် အသေခံပြီး တိုက်ချင်တယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ကျုပ်က ဒီလို မဟုတ်မခံချင်တဲ့စိတ်၊ ကိုယ့်အားကိုယ်ကိုးချင်တဲ့စိတ်ကို သဘောကျလို့ပဲ'

အဘိုးအိုစကားကြောင့် စန့်ကွမ်းထင်း မျက်နှာမထားတတ်အောင်ပင် ဖြစ်နေသည်။

'နောက်တစ်ချက်က မင်းက ဂူတန်က ဖြစ်နေလို့ပဲ'

'အဘက ဘယ်လိုသိလဲ'

'မင်း တိုက်တဲ့ တိုက်ကွက်တွေကို ကြည့်လို့ပေါ့'

စန့်ကွမ်းထင်း ပါးစပ် ပိတ်ထားလိုက်သည်။ အဘိုးအိုက ဆက်၍...

'အမှန်မှာ ကျုပ်က ဂူတန်သိုင်းအဖွဲ့ကို ဖြိုချင်တဲ့လူတစ်ယောက်ပဲ။ ဒါကြောင့် ဂူတန်သိုင်းအဖွဲ့သားတစ်ယောက် ကျုပ်တပည့်ဖြစ်လာရင် ဒါဟာ ကျုပ်ရဲ့ အောင်မြင်မှုပဲ'

ထိုစကား ကြားရသောအခါ ချူးရှန် ရင်ထဲ လေးလံလာလေသည်။

စန့်ကွမ်းထင်းကလည်း အတန်ကြာအောင် တွေဝေပြီးမှ …

'အဘ'

'မင်းက ဘာပြောချင်လို့လဲ'

'ဂူတန်သိုင်းအဖွဲ့အကြောင်း အဘ သေသေချာချာ သိသလား'

'သိသားပဲ'

'ဂူတန်သိုင်းအဖွဲ့သားတစ်ယောက်ဟာ သိုင်းအဖွဲ့က ခွင့်ပြုချက် မရှိဘဲ သူများရဲ့တပည့် မခံရဘူး'

'အဲဒါ ဘာဖြစ်လဲ'

'ကျွန်တော် ဘဘဆီမှာ တပည့်ခံလို့ မဖြစ်ဘူး ထင်တယ်'

'ဟေ ဘာဖြစ်လို့လဲ။ မင်းက ဂူတန်က တမန်တော်ငါးယောက်ကို ကြောက်နေလို့လား။ မင်းက ဂူတန်သိုင်းအဖွဲ့ရဲ့ အုပ်ချုပ်ရေးမှူး စန့်ကွမ်းထင်းဆိုတာ ကျုပ်သိပါတယ်။ ဒါကြောင့် ကျုပ်က မင်းကို ကယ်ခဲ့တာပေါ့'

'ဘဘက သိတယ်ဟုတ်လား'

'မင်းက တုမုရန်ကို ဘာဖြစ်လို့ တွေ့ဖို့လာတယ်ဆိုတာတောင် ကျုပ် သိတယ်'





စန့်ကွမ်းထင်းက မယုံကြည်စွာဖြင့် အဘိုးအိုကို ကြည့်လိုက်သည်။

'အခု တောင်ပေါ်ကို တာမင်သိုင်းကျမ်းစာအုပ်ရဖို့ ဂူတန်က တမန်တော်ငါးယောက် တက်လာနေပြီ'

'ဘာ သူတို့ တကယ်ပဲ လာနေတာလား'

'မင်းက ကျုပ်လိမ်ပြောတယ် ထင်နေလား'

'သူတို့ကို ကျွန်တော်က စာတစ်စောင် ရေးထားခဲ့တယ်။ သုံးလကြာလို့ ပြန်မလာရင် ကြာပန်းတောင်ပေါ်ကို လိုက်ခဲ့လို့'

'မင်း ထွက်လာတာ သုံးလပြည့်ပြီလား'

'မပြည့်သေးပါဘူး။ သူတို့ဘာကြောင့် လိုက်လာသလဲဆိုတာ စဉ်းစားမရ ဖြစ်နေတယ်'

'မင်း တော်တော်အ,တာပဲ။ သူတို့က တာမင်သိုင်းကျမ်းလိုချင်လို့ပေါ့။ မင်း တုမုရန်နဲ့ ရင်ဆိုင်ပြီး သေသွားမယ်ဆိုတာသိလို့ မင်းကို ဂရုမစိုက်ဘဲ လာကြတာပေါ့ကွယ်။ ဘယ်သူကမဆို ဒီကျမ်းကို လိုချင်ကြတာပဲ။ ကျုပ် ဘာကြောင့် ရောက်သလဲဆိုတာ မင်း သိလား'

'ဘာဘလဲ လိုချင်လို့ပေါ့ ဟုတ်လား'

အဘိုးအိုက တိတိရိရိ ပြတ်နေသော ဝဲဘက်ပခုံးကို ညွှန်ပြပြီး…

'တာမင်ဓားသိုင်းကျမ်းကြောင့် ကျုပ်လက်တစ်ဖက် ပြတ်ခဲ့ရတယ်။ ခြေထောက်တစ်ဖက် ကျိုးခဲ့ရတယ်။ တာမင် ကျမ်းကို ဘယ်သူပိုင်လဲဆိုတာ မင်း သိလား'

'ဂူတန်သိုင်း အဖွဲ့ချုပ် ဝုကျိဝမ်'

'သူက သူခိုးပဲ။ ဒီကျမ်းကို သူ လူတစ်ယောက်ဆီက ခိုးလာတာ'

'အဘက ဒီအကြောင်းတွေ သိထားတယ် ဟုတ်လား။ တာမင်သိုင်းကျမ်း ပိုင်ရှင်အစစ်က ဘယ်သူလဲ'

'ကျုပ် အချိန်ကျရင် ပြောပါမယ်။ မင်း ဒီလောက် သိရရင် တော်လောက်ပြီ'

'တာမင်သိုင်းကျမ်းအတွက် ဘဘနဲ့ ကျွန်တော် ရန်သူ ဖြစ်လာမှာကို မလိုလားဘူး'

စန့်ကွမ်းထင်းက ရိုသေစွာ ပြောလိုက်လေသည်။

○ ● ○

သူသည် ငယ်စဉ်ကပင် မိဘမဲ့တစ်ယောက်ဖြစ်သည်။ ဘဝကို အနိုင်မခံ အရှုံးမပေး ကြိုးစားလာခဲ့ရာ





ဂူအိချိ၏ ယုံကြည်ရသော အုပ်ချုပ်ရေးမှူး တစ်ယောက် ဖြစ်ခဲ့သည်။ ယခု အဘိုးအိုသည် သူ့အပေါ် ကြင်ကြင်နာနာ ရှိသည်ဟု သိရှိထားသည်။

'စိတ်ချ။ ကျုပ်က တုမုရန်ဆီက တာမင်သိုင်းကျမ်း ယူလာတဲ့အခါ မင်းကို သေသေချာချာ ရှင်းပြမယ်၊ အဲဒီအခါ မင်း လိုချင်ရင် ယူသွားတော့'

'ဘဘက တုမုရန်ဆီ သွားမယ် ဟုတ်လား'

'ဟုတ်တယ်။ မင်း ဒီက စောင့်နေ'

ပြောပြီး ထိုနေရာမှ ပြေးရန် ဟန်ပြင်လိုက်သည်။

'ခဏ'

စန့်ကွမ်းထင်းက ဟန့်တားလိုက်သည်။

'မင်းက ဘာပြောချင်လို့လဲ'

'တုမုရန်က လွယ်လွယ်နဲ့ ပေးမှာ မဟုတ်ဘူး'

'ဒါကို ကျုပ် ဂရုမစိုက်ဘူး'

'ဘဘ သူ့ကို သတိထားပါ'

'ကျုပ်အတွက် စိတ်မပူပါနဲ့။ မင်းသာ ကျုပ် ပြန် မရောက်မချင်း ဒီက စောင့်ပါ'

'ကောင်းပါပြီ ဘဘ'

သူ၏ စကားဆုံးသည်နှင့် အဘိုးအိုသည် ပျံလွှားငှက် တစ်ကောင်ပမာ ကြာပန်းတောင်ပေါ်သို့ ပြေးလွှားသွားလေ သည်။ ချူးရှန် မျက်လုံး ပြူးသွားသည်။

အဘိုးအိုက ပြေးလွှားသွားသည့်အခါ သံမဏိတောင် ဝှေးကို အသုံးပြုသဖြင့် မြေပေါ်တွင် ချိုင့်ခွက်ကလေးများ ဖြစ်ပေါ်လာသည်။

ထိုအဘိုးအိုမှာ အဆိပ်ဘုရင်ပင် ဖြစ်သည်။ ကြာပန်း တောင်ပေါ်တွင် ဝမ်းနည်း ကြေကွဲနေကြသည်။

တုမုရန်သည် စင်းစင်းအား ကြင်နာစွာဖြင့် ကြည့် လိုက်ပြီး...

'သမီး'

'ဖေဖေ ဘာပြောစရာရှိလဲ'

'ဖေဖေ လူသူကင်းဝေးတဲ့နေရာမှာ ဓာတ်မြှုပ်နေတော့ မယ်။ သမီး လိုက်မလား'

စင်းစင်း တွေဝေနေသည်။

'သမီး ချူးရှန်ကို မခွဲနိုင်ဘူးလား။ ဖေဖေက သမီး ရဲ့ အမေအပေါ်မှာ တာဝန်တွေ ပျက်ကွက်ခဲ့တယ်။ ဒီတော့ သမီးအပေါ်မှာ ဆက်ပြီး တာဝန်မပျက်ချင်တော့ဘူး။ ချူးရှန် ဟာ လူတော်လူကောင်းဆိုရင် ဖေဖေ သဘောတူမှာပါ'





'သူက ဖေဖေ့ကို သတ်ဖို့ လာတာဆိုတာ ဖေဖေ မေ့နေပြီလား'

'မမေ့ပါဘူး။ သူက ဖေဖေ့ကို သတ်လို့ မရဘူး။ ဖေဖေ သူ့ကို တွေ့ရတာ ဆွေမျိုးသားချင်းတစ်ယောက်ကို တွေ့သလိုပဲ ဖြစ်နေလို့ သူ့ကို မသတ်တာပေါ့'

'သူက ပြောတယ်။ ဖေဖေ့ စာကြည့်ခန်းထဲက ဓားကို သိတယ်တဲ့'

ထိုစကား ကြားရသောအခါ တုမုရန် တုန်တုန်ယင် ယင် ဖြစ်သွားသည်။

'ကဲ... သမီး တာမင်သိုင်းကျမ်းကို ဖေဖေ ဖျက်ဆီး လိုက်မယ်။ သမီး သဘောတူလား'

'ကောင်းပါတယ် ဖေဖေ'

တုမုရန်သည် ပြောရင်းပင် အနက်ရောင်သားရေဖြင့် ဖုံးထားသော စာအုပ်ကလေးကို လက်ဝါးဖြင့် ရိုက်ချလိုက် လေသည်။

'သွားပေတော့'

သူ၏ ရိုက်ချက်ကြောင့် စာအုပ်မှာ အစိတ်စိတ် အမြွှာမြွှာ ဖြစ်သွားသည်။ ထိုစဉ်မှာပင်...

'မလုပ်နဲ့'

လူတစ်ယောက် ဟန့်တားလိုက်သည်။

'တာမင်ကျမ်းစာအုပ်အတွက် သေချင်တဲ့လူတစ်ယောက် လာပြန်ပြီ'

ထိုစဉ်မှာ လူရိပ်တစ်ခု သူ့ရှေ့သို့ ရောက်လာတော့သည်။ တုမုရန်သည် စိတ်ပျက်ခြင်း၊ ယူကျုံးမရဖြစ်ခြင်းများ ပြည့်နှက်နေသည်။

သက်မဲ့ ကျမ်းစာအုပ်သည် သက်ရှိ စဉ်းစားဉာဏ်ရှိသော လူသားတို့၏ အသက်ကို ရန်ရှာနိုင်သည်ကို သူ သဘောမပေါက်နိုင်ဘဲ ဖြစ်နေသည်။ သို့သော်...

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က သူလည်း ယခုကဲ့သို့ အတွေးမျိုး တွေးမိမည် မဟုတ်သည်ကို စဉ်းစားမိသည်။

စင်းစင်း၏ ခြေလှမ်းများက တုမုရန်၏ ရှေ့သို့ ရပ်လိုက်သည်။ သူမသည် ဖခင်ကို သိုင်းလောကတစ်ခုလုံးက လူကောင်းအဖြစ် လက်ခံလာနိုင်စေရန် သူမ ကြိုးစားရဦးမည်။

ရောက်လာသော အဘိုးအိုမှာ မသန်မစွမ်း ဒုက္ခိတတစ်ယောက် ဖြစ်သော်လည်း သူ လှုပ်ရှားလိုက်သောအခါ ဓားအိမ်မှ ဓားတစ်လက် ထွက်လာသကဲ့သို့ ခံစားရသည်။

တုမုရန် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။





သူသည် အဘိုးအိုကို တွေ့လိုက်သည်နှင့် တုန်လှုပ်သွားလေသည်။ ထိုအဘိုးအိုသည် ယခင်က ဒုက္ခိတ တစ်ယောက် မဟုတ်ပါ။ သူ၏ သိုင်းပညာသည် အလွန် ကြောက်မက်ဖွယ်ရာ ကောင်းကြောင်း သူသိထား၏။ ထိုစဉ်မှာပင်...

'တုမုရန် မင်း ကျုပ်ကို မှတ်မိသေးလား'

'မှတ်မိပါတယ်'

'မင်းနဲ့ မတွေ့တာ အချိန်အတော်ကြာပြီ။ မင်းရဲ့ သိုင်းပညာ တော်တော် တိုးတက်လာမှာပေါ့'

တုမုရန် ဘာမျှ ပြန်မပြောပါ။

'ကျုပ်ဘာကြောင့် ဒီကိုရောက်လာတယ်ဆိုတာ ခင်ဗျားသိလား'

အဘိုးအိုက ဆက်၍...

'ကျုပ်က တာမင်ကျမ်းကို ပိုင်ရှင်လက်ထဲ ပြန်ရောက်အောင် ပို့ပေးဖို့ ကတိပေးထားတယ်။ အခုတော့ မင်းက ဖျက်ဆီးပစ်လိုက်တော့ ကျုပ်က မင်းအသက်ကိုပဲ ယူသွားရမှာပေါ့'

'ခင်ဗျား ဒုက္ခိတတစ်ယောက် မဟုတ်ဘူးဆိုရင် ကျုပ်ကြောက်ချင်ကြောက်မယ်။ အခုတော့ မကြောက်တော့ဘူး'

'ကျုပ်ရဲ့ ကျန်တဲ့လက်တစ်ဖက်က ပိုပြီး ကြောက်စရာကောင်းတယ်ဆိုတာ မင်း မသိလို့ ဖြစ်မှာပေါ့'

'ခင်ဗျားရဲ့ စိတ်ဓာတ်က လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကအတိုင်းပဲ မပြောင်းလဲပါလား'

'ကျုပ်ရဲ့ အဆိပ်လက်ဝါးကလဲ မပြောင်းသေးပါဘူး'

ထိုစကား ကြားရသောအခါ တုမုရန် ရင်ထိတ်သွားသည်။ ပျားဒေဝီနှင့် ထိုအဘိုးအို၏ အဆိပ်ပညာမှာ မတိမ်းမယိမ်း ရှိနေသည်။

ပျားဒေဝီသည် လက်နက်ပုန်းကို အသုံးပြုပြီး အဘိုးအိုလက်ဝါးကို အသုံးပြုသည်။ သူ၏ အဆိပ်သည် အလွန် ထူးဆန်းပြီး ဖြေဆေးမရှိသောကြောင့် သိုင်းလောကသားများက သူ့အား အလွန်ကြောက်ကြသည်။ သူ၏နာမည်ကိုပင် သိသူနည်းပါးပြီး၊ သိုင်းလောကတစ်ခုလုံးက အဆိပ်ဘုရင်ဟု ခေါ်ကြလေသည်။

ယခု သိုင်းလောကတစ်ခုလုံးကို ဖိမ့်ဖိမ့်တုန်စေခဲ့သော အဆိပ်ဘုရင်မှာ သူ၏ ရှေ့မှောက်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

▼ ❐ ▼



# အခန်း (၂၃)

ပတ်ဝန်းကျင်တစ်ခုလုံးရှိ လေထုသည် ရပ်တန့်သွားသည်ဟု ထင်လိုက်ရသည်။

အဆိပ်ဘုရင် စကားဆက်မပြောပါ။

သူသည် တောင်ဝှေးကို မြေပေါ်သို့ စိုက်ထားပြီး မလှုပ်မယှက် ရပ်နေသည်။ သူ၏ပုံမှာ မည်သည့်အရာကိုမျှ မတွေ့မမြင် မကြားရသည့်ပုံ ရှိနေသည်။

တုမုရန်က လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

စင်းစင်းက နောက်ဆုတ်လိုက်ရသည်။

သူမသည် မည်သို့မျှ ဟန့်တားရန် မဖြစ်တော့ပါ။

'ကျုပ်ဘယ်လိုပဲ ရှင်းပြပြ ခင်ဗျားက လက်ခံမှာ မဟုတ်ဘူး။ ဒါကြောင့် ကျုပ်က တိုက်ခိုက်ရတော့မယ်'

သူသည် ပြောပြီး တာမင်ကျမ်း၏ ကျော်ကြားသော လက်ညှိုးတောက်ပညာကို အသုံးပြုလိုက်သည်။

အဆိပ်ဘုရင်မှာ ခုခံခြင်း မပြုပါ။ ပြန်လည်တိုက်ခိုက်ခြင်းလည်း မပြုပါ။ တုမုရန်ကိုသာ စိုက်ကြည့်နေသည်။

ရုတ်တရက် တုမုရန် ရင်ထိတ်သွားပြီး ချက်ချင်းပင် လက်ကို ရုပ်သိမ်းလိုက်သည်။ အဆိပ်ဘုရင်၏ လက်ဝါးသည် စက်ဝိုင်းသဏ္ဌာန် ဖော့ယမ်းလိုက်ရာ ရုတ်တရက် သူ၏ ရင်အုပ်ဆီသို့ တိုးဝင်လာသောကြောင့် ဖြစ်သည်။

'အဆိပ်ဘုရင် ပိယင်ဟုန်း ငါ့ကို အသေသတ်သိုင်းကွက်ကို အသုံးပြုလိုက်တာပဲ'

သူသည် အဆိပ်ဘုရင်၏ သိုင်းကွက်ကို တိုက်ရန် မဝံ့ဘဲဖြစ်နေသည်။ နောက်တစ်ကြိမ် အဘိုးအိုက တိုက်လိုက်ရာ သူသည် အသံပင် မပြုနိုင်ဘဲ နောက်သို့ ဆုတ်လိုက်ရသည်။

သူ့ရင်ထဲ လေးလံလာသည်။

အဆိပ်ဘုရင်က လက်ဝါးတွင် အဆိပ်များ ပြည့်နေသောကြောင့် အနီးမကပ်ဝံ့တော့ပါ။

တုမုရန်နဖူးမှ ချွေးများ ကျလာလေသည်။

အဆိပ်ဘုရင်သည် သက်ပြင်းချကာ တိုက်ခိုက်မှုကို ရပ်လိုက်သည်။





'ခင်ဗျား ဘာကြောင့် ဆက်မတိုက်တာလဲ'

'မင်းကို မသေစေချင်လို့ပဲ'

တုမုရန်သည် စင်းစင်း ဒုက္ခရောက်မည် စိုးသဖြင့် အဆိပ်ဘုရင်ကို တိုက်ရန်ပြင်လိုက်သည်။

'မင်းက သေချင်လို့လား၊ မင်း တာမင်သိုင်းကျမ်းကို ပေးလိုက်ရင် ကျုပ်က အသက်ချမ်းသာပေးမယ်'

'ဒီစာအုပ်ကို ကျုပ်က ဖျက်ဆီးပစ်လိုက်ပြီ'

'ကျုပ် မယုံဘူး'

'မယုံရင်တော့ ကျုပ် မတတ်နိုင်ဘူး။ အမှန်ပြောတာပါ'

'မင်း လိမ်ပြောနေတာ'

'ကျုပ် မလိမ်ဘူး'

'မင်းက တစ်ကိုယ်ကောင်းဆန်တဲ့လူပဲ။ ဒီစာအုပ်ကို မင်း ဖျက်ဆီးပစ်လိုက်တော့ သိုင်းလောကမှာ တာမင်သိုင်းကျမ်းတတ်တာ မင်းပဲ ရှိတာပေါ့'

'ဟား ဟား ဟား တာမင်သိုင်းကျမ်း သင်ယူချင်ရင် ကျုပ်ဆီမှာ တပည့်ခံပေါ့။ ကျုပ်က သင်ပေးမှာပေါ့'

'ကောင်းပြီ။ ငါ မင်းခေါင်းကို ဖြတ်ယူသွားရတော့မှာပဲ'

ပြောပြီး သံမဏိတောင်ဝှေးဖြင့် တုမှုရန်၏ ခေါင်းကို ရိုက်ချလိုက်လေသည်။ သူသည် သံမဏိတောင်ဝှေးဖြင့် တုမှုရန်ထံ အဆက်မပြတ် လိုက်ရယ်တိုက်ခိုက်ရာ တုမှုရန်မှာ မည်သို့ ရှောင်ရမှန်းမသိ ဖြစ်နေသည်။

စင်းစင်း မနေသာတော့ပါ။ သူမ စာကြည့်ခန်းထဲ ပြေးဝင်သွားပြီး နံရံပေါ်တွင် ချိတ်ဆွဲထားသော ဓား ကို ဖြုတ်ယူလိုက်သည်။ ထို့နောက် အခန်းအပြင်ဘက် ထွက်လာပြီး...

'ဖေဖေ'

တုမှုရန် ဝမ်းသာသွားသည်။ စင်းစင်း ပစ်ပေးသော နဂါးပျံဓားကို တုမှုရန်က ဖမ်းယူကာ အဆိပ်ဘုရင်အား ခုခံပေးသည်။

'ထန်း'

သံသံချင်း ထိသောအသံ ကြားသည်။ အဆိပ်ဘုရင်၏တောင်ဝှေး တစ်လက်မခန့် ပြတ်သွားသည်။

အဆိပ်ဘုရင်သည် တုမှုရန်ကိုင်ဆောင်ထားသော ဓားကို တွေ့ရသောအခါ သူ၏ မျက်လုံးအစုံ ပြူးကျယ်သွားရလေသည်။

'မင်း မင်း'





'ဟုတ်တယ် ကျုပ်က ချယ်ရီကို သတ်ပစ်ပြီး ဒီဓားကို လုယူထားလိုက်တာပဲ'

* * *

လေသည် တဟူးဟူး ပြင်းထန်စွာ တိုက်ခတ်နေသည်။ အဆိပ်ဘုရင်၏ တိုက်ခိုက်မှုသည် ပြင်းထန်နေ၏။

'ထန်း... ထန်း... ထန်း'

သံသံချင်း ရိုက်မိသောအသံများက အဆက်မပြတ် ထွက်ပေါ်လာသည်။ မီးပွားလေးများ လွင့်ထွက်လာလေသည်။ တုမှုရန် ရင်ထဲ လေးလံလာလေသည်။ ဓားကိုပင် မနည်းကြိုးစား ကိုင်ထားရသည်။ သူသည် နောက်သို့သာ အဆက်မပြတ် ဆုတ်နေရသည်။

အဆိပ်ဘုရင်မှာလည်း တောင်ဝှေးအပိုင်းပိုင်း ပြတ်နေပြီ။ အဆိပ်ဘုရင်သည် အံကို တင်းတင်းကြိတ်လိုက်ပြီး...

'သေပေတော့'

တုမှုရန် ရှောင်တိမ်းရန် မဖြစ်တော့ပေ။ သူ၏ လက်ထဲမှ ဓားဖြင့် ခံပေးလိုက်သည်။

'ထန်း'

တုမှုရန်၏ လက်များ ထုံကျဉ်သွားပြီး၊ လက်ထဲမှ ဓားလည်း အဝေးသို့ လွင့်သွားသည်။

'ဖေဖေ'

စင်းစင်း အော်လိုက်သည်။ တုမုရန် နောက်ဆုတ်ရန် မဖြစ်တော့ပါ။ သူ့နောက်မှာ ချယ်ရီပင် ခံနေပြီ။

'မင်း ကျုပ်လက်က ထွက်မပြေးနိုင်ပါဘူး' လက်ထဲမှ တောင်ဝှေးဖြင့် ထိုးချလိုက်သည်။

'အား'

အဆိပ်ဘုရင်ထံမှ နာကျင်စွာ အော်သောအသံကြားလိုက်ရသည်။ အဆိပ်ဘုရင်နောက်သို့ လှည့်ကြည့်လိုက်သည်။

စင်းစင်း မလှမ်းမကမ်းတွင် အေးစက်စွာ ရပ်နေသည်။

အဆိပ်ဘုရင်၏ နောက်ကျောတွင် စင်းစင်း ပစ်လိုက်သော ဓားကလေးတစ်လက် စိုက်ဝင်နေသည်။

'မင်းလို သမီးတစ်ယောက်ရထားတာ တုမုရန်ကံကောင်းတယ်'

ပြောပြီး စင်းစင်းထံ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ရပ်လိုက်'

တုမုရန်၏ လက်က စင်းစင်းအားကိုင်ကာ အဝေးသို့ပစ်ချလိုက်ပြီး ကျန်လက်ဖြင့် အဆိပ်ဘုရင်ကို ခုခံသည်။



'ဝုန်း'

'ဖုတ်'

သူတို့နှစ်ယောက်စလုံး ပြင်းထန်စွာ ဒဏ်ရာရသွားလေသည်။ စင်းစင်းသည် ကပျာကယာ လူးလဲထပြီး တုမုရန်တို့အား ကြည့်လိုက်သည်။

တုမုရန်နှင့် အဆိပ်ဘုရင်တို့ လဲကျနေ၏။

'ဖေဖေ'

စင်းစင်းက အော်ခေါ်လိုက်ပြီး လဲကျနေသော တုမုရန်ကို ပြေးပွေ့လိုက်သည်။ တုမုရန်မှာ အသက်ရှင်နေသေးသည်။ သူသည် အသက်ကို ပြင်းထန်စွာ ရှူလိုက်ပြီး တစ်ကိုယ်လုံးမှာ ရေခဲတုံးပမာ အေးစက်နေ၏။

'ဖေဖေ'

တုမုရန် ကိုယ်တစ်ချက် လှုပ်ရှားသွားပြီး မျက်စိဖွင့်လာသည်။ စင်းစင်းအား တွေ့သောအခါ အိမ်ထဲသို့ ပို့ရန် လက်ဟန်ပြလိုက်သည်။ စင်းစင်းသည် တုမုရန်အား အသက်ကယ်ဆေးများ တိုက်ကျွေးလိုက်သည်။

တုမုရန်သည် စင်းစင်းအား ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး...

'သမီး'

'ဖေဖေ ဘာပြောချင်လို့လဲ'

'အဆိပ်ဘုရင်ကော'

'သူက ဖေဖေ့လက်ချက်နဲ့ ဒဏ်ရာရသွားတယ်။ ဒါကြောင့် သူသေဆုံးမှာပဲ'

'သူ့ကို လွယ်လွယ်နဲ့ အနိုင်မရနိုင်ဘူး။ သူ သမီးကို သတိမထားလိုက်လို့ အခုလို ခံရတာ'

စင်းစင်း ပါးစပ်ပိတ်ထားလိုက်သည်။

'သူက သမီးကို လှည့်ကြည့်လိုက်ပြီး တိုက်ခိုက်မယ်လုပ်တုန်း ဖေဖေက သူ့ကို လက်ဝါးနဲ့ ရိုက်ချလိုက်တယ်။ သူ့ရဲ့လက်ဝါးမှာ အဆိပ်ပါတဲ့အတွက် ဖေဖေ ဒဏ်ရာရတာပဲ။ သူကလဲ ဖေဖေဝင်လာမယ်မထင်လို့ ဖေဖေလက်ဝါးကို ပြန်ခုခံဖို့အင်အားမသုံးနိုင်ခင် နှစ်ယောက်စလုံး ဒဏ်ရာရကြတာပဲ'

'သူ့လက်ဝါးမှာ အဆိပ်ရှိတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်လို အဆိပ်မျိုးလဲ'

'အဲ့ဒီအဆိပ်က အအေးလက်ဝါးသိုင်း၊ ဒီလက်ဝါးနဲ့ ရိုက်ခံရတဲ့လူဟာ ဖြေဆေးမရှိ တစ်နေ့သေရမယ်'





'ဒီလူ တော်တော်ရက်စက်ပါလား'

'သူကလဲ ဖေဖေ့လက်ချက်နဲ့ သေမှာပဲ'

သူ၏ စကားဆုံးသည်နှင့် အခန်းအပြင်ဘက်မှ ကျယ်လောင်သော ရယ်မောသံကို ကြားလိုက်ရလေသည်။

'ဟား... ဟား... ဟား...'

စင်းစင်း ရင်ထိတ်သွားသည်။ အကြောင်းမှာ ရယ်မောသံသည် အဆိပ်ဘုရင် ဝိယင်ဟုန်း၏ ရယ်သံပင်ဖြစ်သည်။ သို့သော်...

ထိုရယ်သံများ တစ်စထက်တစ်စ ဝေး၍ဝေး၍ သွားလေတော့သည်။

တုမုရန်က ပြုံးလိုက်ပြီး...

'သမီး သတိထားမိလား'

စင်းစင်း ခေါင်းကိုယမ်းလိုက်ပြီး...

'သမီး မသိဘူး ဖေဖေ'

'သူက အခုလို အတွင်းအားသုံးပြီး ရယ်မောလိုက်တော့ အတွင်းအား ပိုကုန်တာပေါ့။ ဒါကြောင့် သူက တောင့်အောက်ရောက်တာနဲ့ သေဆုံးမှာပါ'

စင်းစင်း မျက်မှောင်ကြုတ်ပြီး...

'သူက သေဆုံးသွားမယ်လို့ ဖေဖေ ဘယ်လိုလုပ်သိလဲ'

'လောကမှာ ဖေဖေရဲ့ လက်ဝါးရိုက်ချက်ခံရရင် ဘယ်သူမဆို သေဆုံးကြမှာပဲ'

'ဖေဖေက သူ့ရဲ့လက်ဝါးရိုက်ချက် မိထားတယ် မဟုတ်လား'

'ဟုတ်တယ်။ ဒါကြောင့် ဖေဖေလဲ သေဆုံးရမှာပဲ'

တုမုရန်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး စင်းစင်းအား တစ်လုံးချင်း ပြောချလိုက်လေသည်။ သူ၏ကိုယ်သည် တဆတ်ဆတ် တုန်လျက် ရေခဲတုံးပေါ်သို့ ရောက်နေသည့်အလား ထင်မှတ်ရသည်။

စင်းစင်း ရင်ထိတ်နေသည်။ ကျန် အသက်ကယ်ဆေးလုံးသည် အတွင်းဒဏ်ရာများကို ကုသရာတွင် အလွန်အစွမ်းထက်သော ဆေးဖြစ်သည်။

သို့သော်...

တုမုရန်မှာ သက်သာသည် မရှိပါချေ။

▼ ❐ ▼



## အခန်း (၂၄)

တစ်နေ့တာသည် တစ်စတစ်စ ကုန်ဆုံးလာသည်။

နေဝန်းရီသည် အနောက်ဘက်သို့ စောင်းစ ပြုလာလေသည်။

ထို့ကြောင့်...

မကြာမီ ညနေဆည်းဆာ အချိန်သို့ ရောက်ရှိတော့မည်။ စန့်ကွမ်းထင်းက ကြာပန်းတောင်ထိပ်ပေါ်သို့ မော့ကြည့်လိုက်သည်။ ကြာပန်းတောင်တစ်ခုလုံး ငြိမ်သက်နေသည်။

လက်တစ်ဖက်ပြတ် အဘိုးအိုမှာ တုမုရန်ကို ကျိန်းသေအနိုင်ရမည်ဟု သူ ယုံကြည်ထားသည်။

အကြောင်းမှာ အဘိုးအိုသည် တုမုရန်အား လုံးဝဂရုမစိုက်သည့်အသွင် ရှိနေခဲ့သောကြောင့် ဖြစ်သည်။

ချူးရှန်သည် တိတ်တဆိတ် ကြည့်ရှုနေရာမှ အခြေအနေ စောင့်ကြည့်ပြီး ပုန်းနေရာမှ ထွက်လိုက်သည်။

စန့်ကွမ်းထင်းသည် ချူးရှန်အား တွေ့လိုက်ရသော အခါ ထိတ်လန့်သွားပြီး...

'ဟင် ခင်ဗျား မသေသေးဘူး ဟုတ်လား'

ချူးရှန်က ပြုံးလိုက်ပြီး...

'ဟုတ်တယ် ကျုပ်က အဖြစ်အပျက်တွေအားလုံးကို သိပြီးပြီဗျ'

စန့်ကွမ်းထင်းက နားမလည်နိုင်ဘဲ...

'ခင်ဗျား ဘာတွေ သိထားလို့လဲ'

'ခင်ဗျား ဘာကြောင့် တုမုရန်ဆီ လာခဲ့တယ်ဆိုတာ ကောပဲ'

စန့်ကွမ်းထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ချူးရှန်က ဆက်၍...

'ခင်ဗျားက ဘာဖြစ်လို့ လက်တစ်ဖက်ပြတ် အဘိုးဆီမှာ တပည့်မခံချင်ရတာလဲ'

'သူက ဝုတန်ကို ဖျက်ဆီးခဲ့သူ။ သူ့ဆီမှာတပည့်ခံရင် သိုင်းလောကတစ်ခုလုံးက ကျုပ်ကို ရှုတ်ချမှာပေါ့'

ချူးရှန်က ခေါင်းညိတ်လိုက်ပြီး...





'ခင်ဗျား မဆိုးဘူး'

'ကျုပ်က ဉာဏ်ကောင်းတဲ့လူပါ။ ခင်ဗျားကသာ ဝက်နဲ့တူတာ'

ချူးရှန် မျက်လုံးများ ပြူးကျယ်သွားသည်။

'ဘာ ကျုပ်က ဝက်နဲ့တူတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ'

'ခင်ဗျားကို မေတ္တာရှိတဲ့ မိန်းကလေးတစ်ယောက်ကို ခင်ဗျားက ရှောင်နေလို့ပေါ့'

ချူးရှန် ချက်ချင်းပြုံးလိုက်ပြီး...

'ဒီလိုဆိုရင် ဝက်နဲ့တူတာ ခင်ဗျားပဲ'

စန့်ကွမ်းထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ဗျာ'

'ဟုတ်တယ် ခင်ဗျားက ကိုယ်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို သူများနဲ့ အတင်းပေးစားနေလို့ဗျ'

စန့်ကွမ်းထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။ သူသည် အတန်ကြာမှ သက်ပြင်းတစ်ချက်ချလိုက်ကာ...

'ခင်ဗျား အိလန်ကို ဘာကြောင့် လက်မထပ်ချင်တာလဲ'

'ခင်ဗျားကော ဘာဖြစ်လို့ အိလန်ကို လက်မထပ်ချင်တာလဲ'

စန့်ကွမ်းထင်း ဒေါသဖြစ်လာကာ...

'ကျုပ်က သူ့ကို လက်ထပ်ချင်တယ်။ သူက ကျုပ်ကို ပြန်မကြိုက်လို့ ခက်နေတာ'

'ဟုတ်တယ် ကျုပ်ကလဲ သူ့ကို မကြိုက်လို့ ခက်နေတာပေါ့'

စန့်ကွမ်းထင်းက မျက်မှောင်ကြုတ်ပြီး...

'ခင်ဗျား သူ့ကို မနှစ်သက်ဘူး ဟုတ်လား'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ'

'ကျုပ်မှာ ချစ်သူရှိနေလို့ပေါ့'

စန့်ကွမ်းထင်း ဘာမျှ ပြန်မပြောပါ။ ပါးစပ်ပိတ်ထားလိုက်သည်။ ချူးရှန်သည် သူ၏အပေါ်တွင် အစစအရာရာ နားလည်တတ်သူဟု သဘောပေါက်လာသည်။

စန့်ကွမ်းထင်း အံကြိတ်လိုက်ပြီး...

'ခင်ဗျား သူ့ကို လက်ထပ်ရမယ်'

ချူးရှန်ကလည်း အေးစက်စွာဖြင့်...





'ခင်ဗျားလဲ သူ့ကို လက်ထပ်ရမယ်'

သူ့စကားကြောင့် စန့်ကွမ်းထင်း ဒေါသအလွန်ထွက်သွားလေသည်။

'ခင်ဗျား ဘာဖြစ်လို့ ကျုပ်ပြောတဲ့စကား လိုက်ပြောရတာလဲ'

ချူးရှန်က သက်ပြင်းတစ်ချက်ချပြီး...

'မေတ္တာတရားဆိုတာ အတင်းအကျပ်လုပ်လို့ မရဘူးဆိုတာ ခင်ဗျား သိစေချင်တယ်'

သူတို့နှစ်ယောက်သည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ စန့်ကွမ်းထင်းက သက်ပြင်းတစ်ချက်ချကာ...

'ကျုပ်တောင်းပန်ပါတယ်ဗျာ။ ခင်ဗျား အိလန်ကို လက်ထပ်လိုက်ပါဗျာ'

ချူးရှန် ခေါင်းကို တွင်တွင်ခါယမ်းပြီး...

'မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ သူက ရုပ်ချောသားပဲဗျာ။ ခင်ဗျားကိုလဲ မေတ္တာရှိနေတယ်'

'ရုပ်ချောတာ ရုပ်ဆိုးတာ အရေးမကြီးပါဘူး။ ကိုယ်ကိုယ်တိုင်က ချစ်ခင်နှစ်သက်မှ ဖြစ်မှာပါ။ ခင်ဗျားကို

တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ တိုက်တွန်းရင် ခင်ဗျား လက်ခံမလား'

စန့်ကွမ်းထင် ချစ်ခြင်းမေတ္တာတရားကို သဘောပေါက်သွားသည်။

'အင်း ချူးရှန်ဟာ တကယ်တော့ သဘောထားပြည့်ဝတဲ့လူတစ်ယောက်ပဲ'

စန့်ကွမ်းထင်း တွေးလိုက်မိသည်။

'ဒါဆိုရင် ကျုပ်ဘာလုပ်ရမလဲ ပြောပြပါ'

'ခင်ဗျား အိလန်သဘောကျမယ့်ပုံစံ ပြုပြင်ရမယ်'

'ဘာတွေ ပြုပြင်ရမှာလဲဗျ'

'ဥပမာ ခင်ဗျား ဒေါသကြီး ထစ်ခနဲဆို ဒေါသအရင်ထွက်တာ ဒါကို ပထမပြင်ရမယ်'

သူသည် သဘောကျစွာ ပြုံးလိုက်သည်။

'ခင်ဗျား မဆိုးဘူး'

ချူးရှန်က သဘောကျစွာ တဟားဟား ရယ်မောလိုက်ရာ၊ စန့်ကွမ်းထင်းလည်း မနေနိုင်တော့ပဲ...

'ဟား... ဟား... ဟား...'

သူတို့ ရယ်မောသံများ လွင့်ပျံ့သွားလေသည်။





ထိုစဉ်မှာပင် သူတို့နောက်မှ အေးစက်စက်ရယ်သံတစ်ချက်ကို ကြားလိုက်ရသည်။

* * *

လူတစ်ယောက် အေးစက်စွာ ရယ်မောရင်း လက်နှစ်ဖက်နောက်ပစ်ကာ လျှောက်လာနေသည်။ သူသည် အစိမ်းရောင် အပေါ်အင်္ကျီရှည်ကို ဝတ်ထားပြီး ခါးတွင် ◌နီရောင်ကြိုးကို ချည်ထားသည်။ သူ၏ပုံမှာအလွန် ချမ်းသာကြွယ်ဝသူတစ်ယောက်နှင့် တူလှပေသည်။

ထိုလူသည် စန့်ကွမ်းထင်းနှင့် ချူးရှန်တို့အနီးသို့ ရောက်သောအခါ ခြေလှမ်းရပ်လိုက်ပြီး သက်ပြင်းတစ်ချက်ချကာ...

'ရယ်မောခြင်းဟာ အသက်ရှည်တယ်'

ကဗျာတစ်ပုဒ်မကျ သီချင်းမကျ ရွတ်ဆိုလိုက်သည်။

စန့်ကွမ်းထင်း ဒေါသထွက်သွားသည်။

ချူးရှန် မျက်မှောင်ကြုတ်၍ကြည့်လိုက်သည်။ ထို လူက ခေါင်းပေါ်မှ ဆောင်းထားသော သိုးမွေးဦးထုပ်ကို ချွတ်လိုက်ပြီး...

'ရယ်တိုင်း အသက်ရှည်တာ မဟုတ်ဘူး'

သူသည် ယင်းသို့ တစ်ယောက်တည်း ပြောရင်း ချူးရှန်ဘက်သို့ လှည့်ကာ...

'ကျုပ်ပြောတာ ဟုတ်တယ် မဟုတ်လား'

ချူးရှန် မျက်နှာပျက်သွားသည်။ သူသည် ထိုလူကို သိထားသည်။ တုမုရန်၏ မိတ်ဆွေ ကိုယ်ရံတော် လိုကျင့်ဟုန်ပင် ဖြစ်နေသည်။

'ခင်ဗျားက ဘာကြောင့် ဒီကို ရောက်လာရတာလဲ'

လိုကျင့်ဟုန် အဖြေမပေးပါ။

'မင်းနာမည် ချူးရှန် မဟုတ်လား'

'ဟုတ်တယ် အဲ့ဒါ ဘာဖြစ်လဲ'

'မင်းရဲ့အဘိုးက ဓားဝိဇ္ဇာ ချူးစုအင်း ဟုတ်လား'

ချူးရှန် ပါးစပ်ပိတ်ထားလိုက်သည်။

လိုကျင့်ဟုန်က...

'မင်းရဲ့ ဘိုးဘွားစဉ်ဆက် နယ်စားကြီးကို တော်လှန်ခဲ့တဲ့ လူတွေပဲ။ ဒါကြောင့် ကျုပ်က မင်းကို မသက်သာဘူး'

'ခင်ဗျား စကားကို ကြည့်ပြောပါ'

'မင်းက ကျုပ်ကို ခံပြောဝံ့တယ် ဟုတ်လား'

'ကျုပ်က မတရားရင် မခံဘူး'





လိုကျင့်ဟုန်က မျက်မှောင်ကြုတ်ပြီး...

'မင်းကလဲ နယ်စားကြီးကို တော်လှန်မယ့်လူပဲ'

'ခင်ဗျား ဒီလို မစွပ်စွဲနဲ့။ ကျုပ်က လူတစ်ဦးတစ်ယောက် ကောင်းစားဖို့ စစ်ကို လိုလားတဲ့လူ မဟုတ်ဘူး'

'ဘာပဲဖြစ်ဖြစ် မင်းကို ဖမ်းရမယ်'

ပြောပြီး ချူးရှန်ကို ဖမ်းလိုက်သည်။

ချူးရှန် မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် မလှုပ်နိုင်ဖြစ်သွားသည်။

ထိုစဉ်မှာပင် စန့်ကွမ်းထင်က...

'လွှတ်လိုက်စမ်း'

စန့်ကွမ်းထင်က ရွှေရောင် သံမဏိကွင်းတစ်စုံဖြင့် လိုကျင့်ဟုန်ထံ ဝင်ရောက် တိုက်ခိုက်လေသည်။ လိုကျင့်ဟုန်ကလည်း ချူးရှန်ကို လွှတ်ပေးပြီး ရှောင်တိမ်းလိုက်ရသည်။

▼ ❐ ▼

## အခန်း (၂၅)

လိုကျင့်ဟုန်သည် ဝေးဝေးသို့ မရှောင်တိမ်းနိုင်ချေ။ ရွှေရောင် သံမဏိကွင်းသည် ရုတ်တရက် လမ်းကြောင်းပြောင်းသွားပြီး၊ လိုကျင့်ဟုန်၏ ပခုံးကို ရိုက်ချလိုက်သည်။

လိုကျင့်ဟုန်မှာ ကိုယ်ဟန်ပျက်ပြီး ယိုင်သွားသည်။ ချူးရှန်မှာ ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ လိုကျင့်ဟုန်အား ကြည့်နေသည်။

'ချူးရှန် မင်းဘာလုပ်နေတာလဲ။ ခုနေမှာ သူ့ကို ဝင်တိုက်၊ ရောင်လင်နဂါးနိုင်သိုင်းကွက်ကိုသုံး။ နဂါးမိုးပျံ'

လျှို့ဝှက်အသံတစ်သံ နားထဲသို့ တိုးဝင်လာသဖြင့် ချူးရှန် ဖျတ်ခနဲ သတိဝင်လာပြီး လှုပ်ရှားသည်။





သူက နဂါးမိုးပျံသိုင်းကွက်ကို ထုတ်သုံး၏။ လိုကျင့်ဟုန်သည် သူ့ထံသို့ ခပ်ယိုင်ယိုင်ဝင်လာသော ဓားချက်ကို ထိတ်လန့်တကြား ရှောင်သည်။ သူ့အရှောင်တွင် စန့်ကွမ်း ထံင်းက သံမဏိကွင်းဖြင့် ဒုတိယအကြိမ် ရိုက်ချ၏။ လိုကျင့်ဟုန်မှာ နေရာမှ ခုန်ထွက်ရန် ကြိုးစားသည်။

'နဂါးလိုက်ဓားကွက်'

လျှို့ဝှက်အသံပေါ်လာပြီး ချူးရှန်က နဂါးလိုက်ဓားကွက်ကို ထုတ်သုံးသည်။ ရုတ်တရက် ဓားစက်ဝိုင်းတစ်ခုပေါ်လာပြီး လိုကျင့်ဟုန်ကို လွှမ်းခြုံလိုက်၏။

'အား'

နာကြည်းထိတ်လန့်စွာ အော်ဟစ်သံက ချူးရှန်၏ ဓားစက်ဝိုင်းကို ရပ်တန့်သွားသည်။ ချူးရှန်၏ ဓားမှ သွေးတွေ တစ်စက်စက် ကျနေ၏။

လိုကျင့်ဟုန်သည် ရင်ဘတ်ကို လက်ဖြင့် ဖိပြီး ဒယီးဒယိုင်နှင့် နောက်ဆုတ်သည်။

'မင်း... မင်း...'

'သစ္စာဖောက်တွေအတွက် ဒီလောကမှာ နေရာမရှိပါဘူး'

'မင်း... မင်းကို... ငါ... သတ်... ဝေါ့'

လိုကျင့်ဟုန်မှာ သွေးများ ဝေါ့ခနဲ အန်ချကာ မြေပြင်ပေါ်သို့ ဒူးညွှတ်ကျသွား၏။

'ခင်ဗျား သူ့ကို နိုင်လိုက်ပြီ။ ဓားကွက်နှစ်ကွက်တည်းနဲ့ နိုင်လိုက်တာ'

ချူးရှန်သည် ငြိမ်သက်သွားပြီဖြစ်သော လိုကျင့်ဟုန်အားကြည့်ရင်း ခေါင်းဆတ်ခါလိုက်သည်။ လိုကျင့်ဟုန်ကို အနိုင်ရလိုက်သော်လည်း သူ ဝမ်းမသာနိုင်။ လူသတ်မိပြီဆိုသည့်အသိက သူ့ရင်ကို လေးလံ နောက်ကျိနေစေသည်။

'ကျွန်တော် လူသတ်မိပြီ'

ချူးရှန်၏ နှုတ်မှ တုန်တုန်ယင်ယင်နှင့် ထွက်ပေါ်လာသည့် စကားကြောင့် စန့်ကွမ်းထင်း ရယ်လိုက်သည်။ သူက ဓားကိုင်ရင်း ငိုင်တိုင်တိုင်ရပ်နေသော ချူးရှန်၏ ပခုံးကို ညင်သာစွာ လှမ်းကိုင်သည်။

'သိုင်းသမားတစ်ယောက် လူသတ်မိတာ အဆန်းမဟုတ်ပါဘူး။ တကယ်လို့ လူကောင်းတစ်ယောက်ကို သတ်မိရင်တော့ တစ်မျိုးပေါ့။ ဒီ လိုကျင့်ဟုန်ကတော့ သေသင့်သေထိုက်တဲ့လူပါ။ သေသင့်တဲ့လူကို သေအောင် ကူညီလိုက်ရတဲ့အတွက် ခင်ဗျား ဝမ်းသာဖို့ပဲ ရှိပါတယ်'





ချူးရှန်ထံမှ သက်ပြင်းချသံ ပေါ်လာသည်။ သူက သက်ပြင်းချရင်း လိုကျင့်ဟုန်ကို မကြည့်တော့ဘဲ မျက်နှာလွှဲလိုက်သည်။

'ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

'ကျေးဇူးတင်တယ်ဟုတ်လား။ ခင်ဗျား တစ်ကယ်ပဲ ကျွန်တော့်ကို ကျေးဇူးတင်သလား'

ချူးရှန် ခေါင်းညိတ်ပြသည်။

'ဒီလိုဆိုရင် ခင်ဗျားတစ်ခုတော့ လုပ်သင့်တယ်'

'ကျွန်တော် ဘာလုပ်ရမလဲ ပြောပါဦး'

'အိလန်ကို လက်ခံလိုက်ပေါ့'

ချူးရှန် ခေါင်းခါသည်။ သူက စန့်ကွမ်းထင်းအား တည်ငြိမ်နေသော မျက်လုံးအစုံဖြင့် လှမ်းကြည့်သည်။

'အိလန်ဟာ ရုပ်ရည်ချောမောတယ်။ သိုင်းပညာထက်မြက်တယ်။ ပါးရည်နပ်ရည်ရှိပြီး နှစ်သက်စရာ ကောင်းပါတယ်'

'ဒါနဲ့တောင် ခင်ဗျားက သူ့ကို ဘာဖြစ်လို့ ရှောင်နေရတာလဲ'

'သူဟာ ကျွန်တော်နဲ့ မထိုက်တန်လို့ပါ'

'ဘာပြောတယ် ခင်ဗျားလို သိုင်းအကျော်အမော် တစ်ယောက်က သူနဲ့ မထိုက်တန်ဘူး ဟုတ်လား။ ခင်ဗျား ရယ်စရာတွေ ပြောနေတာလား'

ချူးရှန်၏ မျက်လုံးအစုံ မှုန်မှိုင်းသွားသည်။ သူက ခေါင်းကို ခပ်လေးလေးခါလိုက်ပြီး...

'ကျွန်တော်ပြောတဲ့ အဓိပ္ပာယ်က တစ်မျိုးပါ။ အမှန်တော့ သူဟာ သူ့အပေါ် အရူးအမူး ချစ်နေတဲ့လူကို တုံ့ပြန်သင့်တယ်'

'ခင်ဗျား ဘယ်သူ့ကို ပြောနေတာလဲ'

'ဘယ်သူ့ကို ပြောရမှာလဲ ခင်ဗျားကို ပြောတာပေါ့'

'ကျွန်တော့်ကို ဟုတ်လား။ နောက်ဆုံးတော့ ခင်ဗျား စကားက ဒီနေရာ ပြန်ရောက်တာပါပဲ'

ချူးရှန်က တည်ကြည်လေးနက်သောအမူအရာဖြင့် စန့်ကွမ်းထင်းကို ကြည့်သည်။ စန့်ကွမ်းထင်းမှာ တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ ချူးရှန်၏ တည်ကြည်သောအမူအရာကြောင့် တွန့်ဆုတ်သွား၏။

'ကျွန်တော်က ခင်ဗျားကို မိတ်ဆွေကောင်းတစ်ယောက်လို စိတ်ထဲက မှတ်ပါတယ်'

'ဒီစကားကြားရတာ ဝမ်းသာပါတယ်ဗျာ'





'ဒီနေ့ ခင်ဗျားနဲ့ သွေးသောက်ညီအစ်ကို ဖွဲ့မယ်လို့လဲ စိတ်ကူးမိတယ်'

'ကျွန်တော်လဲ အဲသလိုပဲ စိတ်ကူးမိပါတယ်'

'ဒါဆိုရင် ကျွန်တော်တို့နှစ်ယောက် မိုးနဲ့မြေကြီးကို တိုင်တည်ပြီး သစ္စာဆိုကြရအောင်။ ကျွန်တော်တို့ဟာ ဒီနေ့ကစပြီး သွေးသောက်ညီအစ်ကိုအဖြစ်နေကြမယ်။ တစ်ယောက်ကို တစ်ယောက် ကူညီမယ်။ တစ်ယောက်အကျိုးကို တစ်ယောက် သယ်ပိုးမယ်။ တစ်ယောက်အတွက် တစ်ယောက်က အသက်ပေးဖို့ ဝန်မလေးဘူး။ မိုးနဲ့မြေကြား ကြားသမျှ သက်သေဖြစ်ပါစေ'

ချူးရှန်က သစ္စာတိုင်တည်သည်။ စန့်ကွမ်းထင်းသည် ချူးရှန်ဆိုသည့်အတိုင်း လိုက်ဆို၏။ ပြီးနောက် တစ်ယောက်လက်ကို တစ်ယောက် မြဲမြဲဆုပ်ကိုင်လိုက်သည်။

'နေဦး၊ သွေးသောက်ညီအစ်ကိုဆိုတော့ ကျုပ်က အသက်ပိုကြီးတယ်။ ဒီတော့ ကျုပ်က အစ်ကိုကြီး၊ ခင်ဗျားက ညီလေး'

ချူးရှန် ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

'အစ်ကို'

'ညီလေး'

'အစ်ကို'

'ဟား ဟား ဟား ညီလေး'

ချူးရှန်နှင့် စန့်ကွမ်းထင်းတို့ တစ်ယောက်ခါးကို တစ်ယောက် ဖက်လိုက်ကြ၏။

'အစ်ကိုကြီးကို ကျွန်တော် တစ်ခုပြောမယ်'

'ပြောပါ ညီလေး'

'ယောကျ်ားတစ်ယောက်က ကိုယ်လိုချင်တာကို ရအောင်ယူတတ်ရတယ်ဗျ။ အစ်ကိုဟာ အိလန်နဲ့ပတ်သက်ရင် သိပ်ပျော့ညံ့တယ်။ ကျွန်တော့်အနေနဲ့ အိလန်ကို ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ဘူး။ ဘာပြုလို့လဲဆိုတော့ ကျွန်တော့်မှာ သစ္စာစောင့်ရမယ့်လူ ရှိနေလို့ပဲ'

ချူးရှန်စကားကြောင့် စန့်ကွမ်းထင်း အံ့အားသင့်သွားသည်။

'သူက ဘယ်သူလဲ'

'ကျွန်တော့်ကျေးရွာရှင် မိန်းကလေးပါ'

'အဲဒီမိန်းကလေးမှာ နာမည်ရှိမှာပေါ့'

'ရှိပါတယ်၊ သူ့နာမည် စင်းစင်းလို့ ခေါ်တယ်'

'ဟင် စင်းစင်းဟုတ်လား။ ညီလေးက တုမှုရန်ရဲ့သမီး စင်းစင်းကို ပြောတာလား'





'ဟုတ်ပါတယ် အစ်ကို။ ကျွန်တော်ပြောတဲ့ စင်းစင်းဟာ တုမှုရန်ရဲ့သမီး စင်းစင်းပါပဲ'

ချူးရှန်နှင့် စန့်ကွမ်းထင်းတို့သည် နှစ်ယောက်အတူ ရယ်ရယ်မောမောစကားပြောရင်း လျှောက်ခဲ့သည်။ သူတို့သည် တောထဲတွင် လိုကျင့်ဟုန်၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ကြသည်။

'သိုင်းလောကရဲ့အခြေအနေ တစ်နေ့တခြား ပိုပိုရှုပ်ထွေးလာပြီ၊ ဒါကို ညီလေး သိရဲ့လား'

ချူးရှန် ခေါင်းညိတ်လိုက်သည်။

'သိပါတယ်။ သစ္စာဖောက်တွေရဲ့ အရေးက တစ်ဖက်၊ မငြိမ်မသက်ဖြစ်နေချိန်မှာ တာမင်သိုင်းကျမ်းကိစ္စက ပေါ်လာတာက တစ်ဖက်ဆိုတော့ သွေးထွက်သံယိုမှုတွေ ပိုပြီးဖြစ်လာမယ်လို့ ကျွန်တော် ထင်တယ်'

'ဟုတ်တယ် ညီလေး၊ အစ်ကိုတို့ ဂူတန်က တမန်တော် ငါးယောက် တုမှုရန်ကို သွားတိုက်တယ်။ သူတို့ရှုံးနိမ့်သွားမယ်ဆိုတာ အစ်ကိုသိတယ်။ အခုဆို ဂူတန်မှာ ရုတ်ရုတ်သဲသဲတွေ ဖြစ်နေလောက်ပြီ'

ချူးရှန်က စိတ်မကောင်းဖြစ်ဟန်ဖြင့် ခေါင်းခါလိုက်သည်။

'အမှန်တော့ တာမင်သိုင်းကျမ်းကိစ္စ ပေါ်လာတာ တော်တော်ဆိုးတယ်။ ဒီကိစ္စဟာ တုမုရန်နဲ့တိုက်ရိုက်ပတ်သက်နေတော့ ပိုဆိုးတယ်'

'ဒီကိစ္စအတွက် အစ်ကို ဂူတန်အဖွဲ့ကို ပြန်ရလိမ့်မယ်။ ညီလေးမှာ သွားစရာမရှိရင် ဂူတန်ကို လိုက်ခဲ့ပါလား'

ချူးရှန်က ခေါင်းကို ညင်သာစွာ ခါလိုက်သည်။

'ကျွန်တော် မလိုက်နိုင်သေးပါဘူး အစ်ကို။ ကျွန်တော့်မှာ ဆောင်ရွက်စရာ တာဝန်ဝတ္တရားတွေ ရှိနေသေးတယ်'

'မင်းရဲ့တာဝန်က တုမုရန်ကိုရှင်းဖို့ မဟုတ်လား ညီလေး'

'ဟုတ်ပါတယ်'

စန့်ကွမ်းထင်း ခေါင်းခါလိုက်သည်။

'တကယ်တော့ မင်းအနေနဲ့ ဒီကိစ္စကို မေ့ပစ်လိုက်ရင် ကောင်းမယ်။ တုမုရန်ဟာ မင်းရဲ့ပြိုင်ဘက် မဟုတ်ပါဘူး။ သူရဲ့သိုင်းပညာက အထွတ်အထိပ်ကို ရောက်နေပြီ'

'သူ သိုင်းပညာဘယ်လောက်ပဲတော်တော်၊ ကတိစကားတစ်ခွန်းအတွက် ကျွန်တော် အသက်စွန့်တန် စွန့်ရမှာပဲ'

စန့်ကွမ်းထင်း ခေါင်းခါလိုက်သည်။

'မင်းကို အစ်ကို သဘောကျတယ်။ မင်းဟာ သူရဲ





ကောင်းတစ်ယောက်ပဲ။ ဒါပေမယ့် မင်းမှာ တဇောက်ကန်းစိတ်မျိုးရှိတာကိုတော့ အစ်ကိုသဘောမကျဘူး။ အလုပ်တစ်ခုကို စဉ်းစားချင့်ချိန်ပြီး လုပ်ရတယ် ညီလေး။ တုမုရန်ဟာ လူကောင်းတစ်ယောက်မဟုတ်ဘူး။ ဒါပေမယ့် မင်းအနေနဲ့ ကတိစကားတစ်ခွန်းကြောင့် ကိုယ့်ထက်သိုင်းပညာ မြင့်မားတဲ့လူကို မဖြစ်မနေသတ်မယ်ဆိုတာကတော့ သိပ်ပြီး မိုက်ရူးရဲဆန်ပါတယ်'

'ကျွန်တော် မိုက်ရူးရဲဆန်တာ မဟုတ်ပါဘူး။ ဆရာတစ်ယောက်က ကျွန်တော့်ကို တာဝန်ပေးလို့ပါ။ သိုင်းသမားတစ်ယောက်အနေနဲ့ ဆရာ့စကားကို ပယ်ရှားဖို့သင့်၊ မသင့် အစ်ကို စဉ်းစားကြည့်ပါ'

စန့်ကွမ်းထင်း တွေဝေသွားသည်။ တစ်ခဏအကြာတွင် သူက တစ်စုံတစ်ရာ စဉ်းစားမိဟန်ဖြင့် ချူးရှန်အား လှမ်းကြည့်သည်။

'မင်းကို ဆရာတစ်ယောက်က ခိုင်းတာနော်'

'ဟုတ်ပါတယ် အစ်ကို'

'ဆရာတစ်ယောက်ဆိုတော့ မင်းမှာ တခြားဆရာတွေ ရှိသေးလို့လား'

'ရှိပါတယ်။ ကျွန်တော့်အမေက မိတ်ဆွေတော်တော်

များတယ်။ မေမေရဲ့မိတ်ဆွေမှန်သမျှဟာ ကျွန်တော့်ဆရာတွေချည်းပါပဲ။ ကျွန်တော့်ကို အခုခိုင်းလိုက်တဲ့သူကတော့ အဓိကကျတဲ့ဆရာပေါ့။ သိုင်းပညာအခြေခံကို သူ့ဆီက ကျွန်တော်သင်ခဲ့တာ'

'အင်း ဒါဆိုရင် ဆရာ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ သူခိုင်းတာလုပ်ပေးဖို့ သင့်တာ အမှန်ပဲ။ ဒါပေမယ့် ညီလေး အနေနဲ့ ဒီကိစ္စကို ဆောင်ရွက်ဖို့ အချိန်ယူရင် ပိုကောင်းမယ်။ တုမုရန်နဲ့ ရင်ဆိုင်ဖို့အတွက် ညီလေးမှာ အခုထက်ပိုပြီး သိုင်းပညာပြည့်ဝဖို့ လိုတယ်'

'ဟုတ်ပါတယ်။ ဒါကို ကျွန်တော်သိပါတယ်'

'ဒီတော့ ညီလေးအနေနဲ့ သိုင်းပညာလေ့ကျင့်ပါ။ အခုကိစ္စလုပ်ကိုင်ဖို့ အချိန်တစ်နှစ်လောက် ရွှေ့ဆိုင်းထားလိုက်ပါ။ ညီလေးရဲ့ဆရာကို အကျိုးအကြောင်းပြောမနေနဲ့။ ဒီအတော အတွင်းမှာ ညီလေးကိုယ့်ကိုယ်ကို ဇာတ်မြှုပ်ထားရမယ်။ မင်း အစ်ကိုနဲ့အတူ ဂူတန်အဖွဲ့ကို လိုက်ခဲ့ပေါ့။ ဂူတန်က မင်းကို လုံခြုံမှုပေးပါလိမ့်မယ်'

ချူးရှန် ခေါင်းခါလိုက်သည်။

'ကျွန်တော်က ဘာလုပ်သင့်သလဲဆိုတာ ကိုယ့်ဘာ





သာကိုယ် သိနေပါပြီ။ ကျွန်တော့်ကြောင့် အစ်ကိုမှာ တာဝန်မကြီးစေချင်ပါဘူး'

'မင်း တုမုရန်ကို တကယ်ပဲ ရှောင်နေမှာနော်'

ချူးရှန် ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် အဲသလိုပဲ ဆုံးဖြတ်လိုက်ပါပြီ'

'ဒါဆိုရင်တော့ မင်းအတွက် အစ်ကိုစိတ်ချပြီ။ ဒီကနေ အနီးဆုံးမြို့တစ်မြို့ကိုရောက်တဲ့အခါ လမ်းခွဲမယ်ဆို လမ်းခွဲပေါ့။ အစ်ကို့သဘောကတော့ မင်းကို ဂူတန်ရောက်အောင် ခေါ်သွားချင်တာပဲ'

စန့်ကွမ်းထင်းက သူ့ထံတွင်ပါသည့် မုန့်ခြောက်တစ်ခုကို ချူးရှန်အားပေးရင်း ပြောသည်။

'ကျွန်တော် ဂူတန်ကို လာခဲ့ပါမယ်။ ကျွန်တော် သိုင်းလောကထဲ သွားလာတဲ့အခါမှာ အလကားမသွားပါဘူး။ လုပ်သင့်တဲ့ အလုပ်တစ်ခုကိုပဲ လုပ်မှာပါ'

စန့်ကွမ်းထင်းက မုန့်ခြောက်စားရင်းမှ ချူးရှန်အား မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

'အဲဒီအလုပ်က ဘာလဲ ညီလေး'

'မျိုးချစ်စိတ်ရှိတဲ့ သိုင်းသမားတွေကို စုစည်းတဲ့

အလုပ်ပါ။ သစ္စာဖောက် ဝမ်းမုကို အပြစ်ပေးရမယ့်အချိန် ရောက်ပြီလို့ ထင်တယ်’

‘ညီလေးက ကျန်းယီမင်းကို သစ္စာခံမလို့လား’ ချူးရှန် ခေါင်းခါလိုက်သည်။

‘ဝမ်းမုက မန်ချူးကို သစ္စာခံတယ်။ ကျန်းယီမင်းက တိဗက်တွေကို အကူအညီတောင်းတယ်။ နှစ်ယောက်စလုံးဟာ သူတို့ အခွင့်အရေးရရေးအတွက် ကြိုးစားနေကြတာပဲ။ ကျွန်တော်တို့ တိဗက်တွေကို မလိုလားဘူး။ အဲဒီလိုပဲ မန်ချူး သစ္စာခံတွေကိုလဲ မောင်းထုတ်ပစ်ချင်တယ်’

စန့်ကွမ်းထင်းက ချူးရှန်အား လက်နှစ်ဖက်ဆုပ်ပြီး ဂါရဝပြုသည်။

‘မင်းရဲ့စိတ်ဓာတ်ကို အစ်ကို လေးစားတယ် ညီလေး။ မင်းနဲ့ စိတ်ထားချင်းတူတဲ့လူတွေ စုမိတဲ့အခါ အစ်ကို့ကို မမေ့ပါနဲ့။ ကဲ အစ်ကိုတို့ ခရီးဆက်ကြရအောင်’

စန့်ကွမ်းထင်းနှင့်ချူးရှန်တို့ နေရာမှထကြသည်။ ပြီးနောက် အရှေ့ဘက်သို့ ဦးတည်ထွက်ခဲ့ကြလေသည်။

▼ ❐ ▼



# အခန်း (၂၆)

စန့်ကွမ်းထင်းနှင့် ချူးရှန်တို့သည် မြို့ငယ်လေးတစ်မြို့၏ မထင်မရှား တည်းခိုခန်းတစ်ခုတွင် အခန်းငှားပြီး ညအိပ်ကြသည်။

တစ်လမ်းလုံး မုန့်ခြောက်များကိုသာ စားခဲ့ရသဖြင့် ဆာလောင်နေကြပြီး ပထမဆုံးညစာ စားသောက်ကြသည်။ ထို့နောက်တွင် သူတို့ငှားထားသည့် အခန်းသို့ ဝင်ခဲ့ကြ၏။

သူတို့သည် အိပ်ရာမဝင်မီ ခုတင်များပေါ်တွင်ထိုင်ပြီး အတွင်းအားကျင့်ကြသည်။ ထမင်းအိုးတစ်လုံးချက်ခန့်အကြာတွင် စန့်ကွမ်းထင်းက အတွင်းအားလေ့ကျင့်နေသည်ကိုရပ်ပြီး အိပ်ရာဝင်သွား၏။ ချူးရှန်အတွင်းအား လေ့ကျင့်ပြီးသွားချိန်တွင် စန့်ကွမ်းထင်းမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေပြီဖြစ်သည်။

ချူးရှန်မှာ စန့်ကွမ်းထင်းအား တစ်ချက်လှမ်းကြည့်

ပြီး အိပ်ရာသို့ ဝင်သည်။ အိပ်ရာပေါ် လှဲချလိုက်သော်လည်း သူသည် အိပ်ပျော်ရန်ကြိုးစားရင်း ကျော့တွေ ပူလာသဖြင့် အိပ်ရာမှထကာ ပြတင်းပေါက်ဖွင့်ပြီး အပြင်ဘက်သို့ ငေးမော ကြည့်ရှုသည်။

အပြင်ဘက်တွင် လမင်းက ထိန်ထိန်သာနေ၏။ မြို့ငယ်လေး တစ်မြို့လုံးမှာ လရောင်အောက်တွင် အိပ်မောကျ နေသကဲ့သို့ ရှိသည်။

'ချူးရှန် မင်း အိပ်လို့မပျော်ဘူးမဟုတ်လား။ အိပ်မပျော်တဲ့အတူတူ သိုင်းလေ့ကျင့်နေဖို့ ကောင်းတယ်။ ပြတင်းပေါက်ကနေတစ်ဆင့် အဆောက်အအုံအမိုးပေါ်ကို ခုန်တက်လိုက်ပါ။ အမိုးပေါ်မှာ သိုင်းလေ့ကျင့်လို့ ကောင်းတယ်'

သေးငယ်စူးရှသော လျှို့ဝှက်အသံတစ်သံ နားထဲသို့ ဝင်လာသည်။ ချူးရှန်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်သည်။ လူသူအရိပ်အယောင်ဘာမျှ မမြင်ရ။ သူက အတွင်းအားစုစည်းပြီး လျှို့ဝှက်အသံပို့နည်းဖြင့် မေးခွန်းထုတ်လိုက်၏။

'ခင်ဗျား ဘယ်သူလဲ'

'မင်းက ငါ့ကိုချက်ချင်းမေ့သွားပြီလား။ လိုကျင့်ဟုန်ကို တိုက်ခိုက်တုန်းက မင်းကို ငါ အကူအညီပေးခဲ့တယ်လေ'





'ကျွန်တော် မမေ့ပါဘူး။ ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ အကွယ်မှာနေနေတာလဲဆိုတာ သိချင်လို့ မေးတာပါ'

'မင်းက တော်တော်မေးခွန်းထုတ်ချင်တဲ့ ကောင်လေးပဲ။ လောလောဆယ် ငါ ဘယ်သူလဲဆိုတာ မင်းသိဖို့မလိုသလို၊ ငါ့ကိုလဲ တွေ့ဖို့မလိုဘူး။ ငါဟာ မင်းရဲ့ရန်သူ မဟုတ်ဘူး။ မင်းကို ကူညီမယ့်လူ ဆိုတာတော့ သိထားပါ။ မင်းအခု အဆောက်အအုံအမိုးပေါ်ကို တက်၊ ငါ မင်းကို ထူးခြားတဲ့သိုင်းပညာတစ်ရပ် သင်ပေးမယ်'

ချူးရှန် တွေဝေသွားသည်။ သူသည် လရောင်ထိန်ထိန်သာနေသော ညရှုခင်းကို ငေးကြည့်ရင်း သက်ပြင်းချလိုက်၏။

'မင်းဟာ အင်အားကြီးတဲ့ရန်သူတစ်ယောက်ကို တိုက်ခိုက်ချင်နေတယ်မဟုတ်လား။ ဒီအတွက် မင်းမှာသိုင်းပညာပြည့်စုံဖို့၊ ထက်မြက်နေဖို့ လိုတယ်။ ငါက မင်းကို အထက်မြက်ဆုံးသိုင်းပညာတွေ သင်ပေးမယ်...။

မင်းက ဆရာအတော်များများနဲ့ သိုင်းပညာသင်ထားတာဆိုတော့ နာမည်ကြီးသိုင်းဂိုဏ်းတွေရဲ့ပညာကို တော်တော်များများကတ်ထားတယ်။ အခု ငါ မင်းကို သင်

ပေးမယ့်ပညာက မင်းတတ်ထားတဲ့ သိုင်းပညာတွေရဲ့ အနှစ်ချုပ်ပဲ။ တာမင်သိုင်းကျမ်းကို အခြေခံတဲ့ပညာပေါ့။ အခု ငါ မင်းကို သိုင်းလက်ာတစ်ခု သင်ပေးမယ်။ မင်းလိုက်ဆို ကျက်မှတ်ပါ'

လူမပြောနှင့် ကြောင်တစ်ကောင်ပင် မရှိသော အဆောက်အအုံအမိုးပေါ်တွင် လျှို့ဝှက်အသံရှင်က သင်ပေးသော သိုင်းလက်ာကို ချူးရှန် လိုက်လံရွတ်ဆိုကျက်မှတ်သည်။ ထမင်းအိုး တစ်လုံးချက်ခန့်အကြာတွင် သူသည် သိုင်းလက်ာကို အလွတ်ရွတ်ဆိုနိုင်လာ၏။

'ကျွန်တော် သိုင်းလက်ာကို ရပါပြီ'

ချူးရှန်က ပင်ကိုအသံဖြင့် ပြောသည်။

'ရပြီဆိုရင် ရွတ်ပြစမ်း'

ချူးရှန်က သိုင်းလက်ာကို ရွတ်ပြသည်။ လက်ာအစအဆုံး ထစ်ငေါ့ခြင်းမရှိ ချောချောမောမော ရွတ်ဆိုနိုင်၏။

'ကောင်းတယ်။ မင်းဟာ ဉာဏ်ထက်မြက်တဲ့ကောင်လေးပဲ။ မင်းက သိုင်းလက်ာကို ရပြီဆိုတော့ ငါ မင်းကို သိုင်းလက်ာရဲ့လျှို့ဝှက်ချက်တွေ ပြောပြရတာပေါ့'

လျှို့ဝှက်အသံရှင်က သိုင်းလက်ာကို တစ်ကြောင်း





ချင်း၊ တစ်ပိုဒ်ချင်း ရှင်းပြသည်။ ချူးရှန်မှာ ထူးခြားထက်မြက်သော သိုင်းပညာရပ်တစ်ခုကို သဘောပေါက်နားလည်လာပြီး စတင်လေ့ကျင့်သည်။

အချိန်က တရွေ့ရွေ့နှင့် ကုန်သွားသည်။ သန်းခေါင်ယံအချိန်သို့အရောက်တွင် လေတိုးသံတစ်ရပ်နှင့်အတူ အရောင် တဖျပ်ဖျပ်လက်နေသောအရာတစ်ခု ချူးရှန်ထံ ပြေးလွင့် လာသည်။

ချူးရှန်က ထိုအရာကို အင်္ကျီလက်နားစနှင့် သိမ်းပြီး ဆွဲယူလိုက်၏။ သူ့ထံသို့ ပြေးလွင့်လာသည့် အရာမှာအရှည် တစ်တောင်ခန့်ရှိသော ဓားတစ်လက်ဖြစ်သည်ကိုတွေ့ရသည်။

'ချူးရှန် အခု မင်းလက်ထဲရောက်နေတဲ့ဓားဟာ သိုင်းလောကထဲက ပျောက်ကွယ်နေတဲ့ဓားပဲ။ ဒီဓားကို မီးဓားလို့ ခေါ်တယ်။ တချို့ကတော့ နေဓားလို့ ခေါ်တယ်။ တချို့ကတော့ နက္ခတ်ဓားလို့ ခေါ်တယ်။ ဒီဓားက နာမည်သုံးမျိုးရတဲ့ဓား။ ဒီဓားကိုကြည့်၊ ဘာမှမထူးခြားဘူး။ ဒါပေမယ့် သံမဏိကိုတောင် ဖြတ်နိုင်တဲ့ ဓားဘုရင်။ မင်းအခု ဓားအရိုးကို လှည့်ကြည့်လိုက်'

လျှို့ဝှက်အ[illegible]ရပြန်သည်။ ချူးရှန်က ဓားအရိုး

ကို လှည့်ကြည့်သည်။ အရောင်အဆင်းမရှိသော သစ်သား အရိုးမှာ လှည့်၍မရ။ ချူးရှန်က အားစိုက်ပြီးလှည့်နေရာမှ အားလျှော့လိုက်သည်။ ထိုအခါ ဒေါက်ခနဲမြည်သံနှင့် ဓား အရိုး လည်သွားသည်။ ဓားအရိုးထိပ်တွင် အပေါက်တစ်ပေါက် ပေါ်လာပြီး လိပ်ထားသော စာအုပ်ငယ်တစ်အုပ် ထွက်ကျ လာသည်။

'အခု မင်းလက်ထဲကို ရှားပါးပြီး တန်ဖိုးရှိတဲ့ သိုင်း ကျမ်းတစ်ဆူရောက်နေပြီ။ ဓားအရိုးကို ခုလိုအတိုင်းဖြစ် အောင် ပြန်လှည့်၊ သိုင်းကျမ်းကို မင်း ကိုယ်နဲ့မကွာထား'

ချူးရှန်က ဓားအရိုးကို ပြန်လှည့်သည်။ ပြီးနောက် သိုင်းကျမ်းကို အမြတ်တနိုးကြည့်သည်။ သိုင်းကျမ်းမှာ အသစ်စက်စက်ဖြစ်ပြီး အဖုံးပေါ်တွင် သိုင်းကျမ်းအမည်ကို ရေးထားခြင်း မရှိချေ။

'ငါ့ခေါင်းထဲမှာ စွဲမှတ်ထားတဲ့ သိုင်းပညာကို မင်း အတွက် ရေးပေးလိုက်တာ၊ မင်းဒီနေရာကနေ အေးချမ်း လုံခြုံတဲ့နေရာတစ်ခုကိုသွားပြီး သိုင်းလေ့ကျင့်ပါ။ ငါ မင်းကို အသံနဲ့ ကူညီမယ်'

ချူးရှန်သည် သိုင်းကျမ်းကိုသိမ်းဆည်းပြီး အမိုးပေါ်





တွင် ဒူးထောက်ထိုင်ချလိုက်၏။ ပြီး လျှို့ဝှက်အသံရှင် ရှိမည် ထင်သည့်ဘက်သို့လှည့်ကာ ဂါရဝပြုသည်။

'ကျေးဇူးကြီးလှပါတယ် ဆရာ'

'ငါတို့ကြားမှာ ကျေးဇူးဆိုတာ မရှိရဘူး။ ငါက ပေးဆပ်တဲ့လူ၊ မင်းက ရယူတဲ့လူ။ သိုင်းလောကထဲမှာ ထူးချွန်တဲ့လူဖြစ်အောင် ကြိုးစားပေတော့။ ကဲ မင်းသွားပြီး နားတော့၊ ငါလဲ သွားပြီ'

ညက အိပ်ရေးပျက်ခဲ့သော်လည်း နံနက်မိုးလင်းသည် နှင့် ချူးရှန်အိပ်ရာမှ နိုးလာသည်။ စန့်ကွမ်းထင်းမှာ အိပ်ပျော် နေဆဲ ဖြစ်၏။ ချူးရှန်သည် စန့်ကွမ်းထင်းအား နှုတ်ဆက် သည့်စာတစ်စောင်ရေးခဲ့ပြီး တည်းခိုခန်းမှ တိတ်ဆိတ်စွာ ထွက်ခဲ့သည်။

မြို့ငယ်နှင့် အတော်ဝေးဝေးသို့ရောက်သည့်အခါ သူက တောထဲသို့ ဝင်လိုက်သည်။ လမ်းမရှိသော ခရီးတွင် လမ်းရှာပြီး လျှောက်၏။ တောင်တစ်လုံးပေါ်သို့ တက်ခဲ့စဉ် လွမ်းဆွတ် ကြေကွဲဖွယ်ကောင်းသော စောင်းသံကိုကြားရသည်။ ချူးရှန်သည် တစ်ချက်တွေဝေသွားပြီး စောင်းသံကို နားထောင်သည်။ စောင်းသံမှာ ဆွဲဆောင်မှု ရှိလွန်းသဖြင့် သူသည် ထိုအသံ ပေါ်ထွက်လာရာဆီသို့ ဦးတည်ကာ လျှောက်ခဲ့သည်။

'ချူးရှန် မင်းစောင်းသံနောက်ကို လိုက်မလို့လား။ စောင်းကို အခုလိုအသံမျိုးပေါ်အောင် တီးနိုင်တဲ့ပညာရှင် သိပ်များများ မရှိဘူး။ စောင်းသမားဟာ ငါထင်တဲ့လူဆိုရင်တော့ မင်း သူ့ဆီမှာ နေခွင့်တောင်းပြီး သိုင်းပညာလေ့ကျင့်ရင် ပိုကောင်းမယ်'

မည်သည့်နေရာမှ ပျံ့လွင့်လာမှန်းမသိသော လျှို့ဝှက်အသံကို ကြားရသည်။ ချူးရှန်က တောင်မြောက်ဝဲယာသို့ လှည့်ပတ်ကြည့်လိုက်၏။

'အခု စောင်းသံရှင်ဟာ ဘယ်သူဖြစ်မလဲ ဆရာ'

'သူ ဘယ်သူလဲဆိုတာ သူနဲ့တွေ့တဲ့အခါ မင်းသိလိမ့်မယ်။ သွား သွား ဆက်သွား။ တကယ်လို့ စောင်းသမားဟာ မင်းမဆက်ဆံသင့်တဲ့လူဆိုရင် ငါသတိပေးမယ်။ ဘယ်သူနဲ့ပဲတွေ့တွေ့ နှုတ်မကျံ့စေနဲ့၊ လက်မလွန်စေနဲ့'

မနီးမဝေးရှိ သစ်ပင်တစ်ပင်မှ အရွက်များ လှုပ်သွားသည်ဟု ချူးရှန်ထင်မိ၏။

သူက ထိုသစ်ပင်ရှိရာသို့ ရိပ်ခနဲ ခုန်ပြေးထွက်သည်။ မီးခိုးရောင် ဝတ်စုံရှင်တစ်ယောက်သည် အလွန်လျင်မြန်စွာ ပြေးထွက်သွားသည်ကို တွေ့ရ၏။

'မင်း ငါ့ကိုတွေ့ဖို့မကြိုးစားနဲ့ ချူးရှန်၊ အချိန်ကျရင်





မင်း တွေ့ရမယ်။ အခု အချိန်မကျသေးဘူး။ စောင်းသံနောက်ကိုပဲ လိုက်ပါ'

မီးခိုးရောင်ဝတ်စုံရှင်၏ အော်ဟစ်ပြောဆိုသွားသံ တဖြည်းဖြည်းဝေးသွားသည်။ ချူးရှန်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ကြားနေရဆဲဖြစ်သော စောင်းသံနောက်သို့ လိုက်ခဲ့၏။

တောင်ပေါ်မှ စောင်းသံမှာ ပီသသည်ထက် ပီသလာသည်။ ချူးရှန်သည် ကိုယ်ဖော့ပညာသုံးကာ စောင်းသံပေါ်ထွက်ရာဆီသို့ ပြေးခဲ့၏။ တစ်ခဏအကြာတွင် တောင်ကြားတစ်ခုထဲသို့ ရောက်လာသည်။

တောင်ကြားထဲတွင် ရွှေဝါရောင်ဝါးဖြင့် ဆောက်ထားသော အိမ်တစ်လုံးကို တွေ့ရသည်။ အိမ်အနီးတွင် ချယ်ရီပင်များ ဝိုင်းရံထား၏။ ချယ်ရီပင်များကြား၌ စမ်းချောင်းငယ်လေးတစ်ခု ကွေ့ရစ်စီးဆင်းနေသည်။

စမ်းချောင်းမှာ ရွှေဝါရောင်ဝါးအိမ်လေးဘေးမှ ဖြတ်စီးသည်။

အိမ်ရှေ့ချောင်းနံဘေးတွင် ဝါးကွပ်ပျစ်တစ်လုံးရှိပြီး ထိုဝါးကွပ်ပျစ်ပေါ်၌ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့်

အမျိုးသမီးတစ်ယောက် ဗျပ်စောင်းကို ရင်ခွင်မှာပိုက်ကာ တီးခတ်နေ၏။

အမျိုးသမီးမှာ ချူးရှန်ဘက်သို့ ကျောပေးထားသဖြင့် သူ၏ရုပ်ရည်သွင်ပြင်ကို မမြင်ရ။ ကိုယ်ခန္ဓာအချိုးအဆက် ကျနသော်လည်း ခေါင်းထက်မှ ဆံပင်အချို့ဖြူနေသဖြင့် အသက်ငါးဆယ်ကျော် မိန်းမတစ်ယောက်ဟု ခန့်မှန်း၍ ရသည်။

ချူးရှန်သည် စောင်းတီးခတ်နေသောအမျိုးသမီးနှင့် ချောင်းတစ်ဖက်ခြားတွင် ရပ်လိုက်သည်။ သူက ကြေကွဲဆွေးမြည့်ဖွယ်ကောင်းသော စောင်းသံကို ရပ်ပြီး နားထောင်သည်။ စောင်းသံကို နားထောင်ရင်းမှ သူ့ရင်ထဲတွင် လှိုက်လှဲ ကြေကွဲသောဝေဒနာတွေ ပေါ်လာသည်။ သူက ချက်ချင်းပင် ကြေကွဲစိတ်ကို ဖျောက်ဖျက်နိုင်ရန် စိတ်ထိန်းသည်။

စောင်းသံမှာ ရုတ်တရက် ရပ်တန့်ပျောက်ကွယ်သွားသည်။ စောင်းတီးနေသည့် အမျိုးသမီးကြီးသည် နေရာတွင် မလှုပ်မယှက်ထိုင်နေ၏။

'မင်း ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ဒီနေရာကိုလာရတာလဲ'

အမျိုးသမီးကြီးက နောက်သို့လှည့်မကြည့်ဘဲ မေး





သည်။ အလွန်တည်ငြိမ်ကာ ကြည်လင်နေသောအသံကြောင့် ချူးရှန်မှာ နေရာတွင် ဆက်နေရကောင်းနိုး၊ ခြေလှမ်းရွှေ့ရကောင်းနိုး ဝေခွဲ၍မရ ဖြစ်သွားသည်။

'မင်း ကျုပ်မေးတာကို ဘာဖြစ်လို့မဖြေတာလဲ'

'ကျွန်တော် ချူးရှန်ပါ။ အေးချမ်းတဲ့နေရာရှာရင်း ဒီနေရာကို ရောက်လာခဲ့တာပါ'

'အေးချမ်းတဲ့နေရာကို ရှာရအောင် မင်းမှာ ဘာပြဿနာတွေ ဖြစ်နေလို့လဲ'

'ကျွန်တော် ထူးချွန်တဲ့သိုင်းသမားဖြစ်အောင် သိုင်းပညာ လေ့ကျင့်ချင်လို့ပါ။ သိုင်းပညာ ထက်မြက်လာရင် ကျွန်တော် ရန်သူတော်တစ်ယောက်ကို ရင်ဆိုင်ရမယ်'

စောင်းတီးခတ်နေခဲ့သော အမျိုးသမီးကြီးက ချူးရှန်ရှိနေရာဘက်သို့ ဖြည်းညင်းစွာ လှည့်လာသည်။ ထိုအမျိုးသမီးကြီးကို မြင်သည်နှင့် ချူးရှန်၏ရင်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ထိုအမျိုးသမီးကြီးမှာ အခြားသူမဟုတ်။
စင်းစင်း၏ မိခင် ပိုးကျူးပင် ဖြစ်သည်။

'ဒေါ်ဒေါ်ကို ကျွန်တော်ချူးရှန် ဂါရဝပြုပါတယ်။

ဒီနေရာမှာ ချယ်ရီပင်တွေပြည့်နေလို့ ကြာပန်းတောင်ပေါ်ကအိမ်ကိုတောင် သတိရမိသေးတယ်'

'မင်း မင်း ကြာပန်းတောင်ကုန်းပေါ်ကို ရောက်ခဲ့တဲ့ သူငယ်လား'

'ဟုတ်ကဲ့၊ စင်းစင်းက ကျွန်တော့်ကို ကယ်ခဲ့တာပါ။ ကျွန်တော့်ကို ဆေးကုပေးခဲ့ပါတယ်။ ကျွန်တော် ဒေါ်ဒေါ်တို့အိမ်မှာ ရှိနေတုန်း အင်မတန်ကြေကွဲစရာကောင်းတဲ့ အဖြစ်အပျက်တွေကို တွေ့မြင်ခဲ့ရပါတယ်'

ပိုးကျူး၏မျက်နှာမှာ ညှိုးကျသွား၏။ တစ်ခဏမျှ ခေါင်းငိုက်စိုက်ချကာ ငြိမ်နေပြီးနောက် သူက ချူးရှန်အား ဖျတ်ခနဲ လှမ်းကြည့်သည်။

'စင်းစင်းကော'

'သူ ကြာပန်းတောင်ကုန်းပေါ်မှာပါ။ တုမုရန်က ကျွန်တော့်ကို တိုက်ခိုက်မယ်အလုပ်မှာ သူက တောင်းပန်ပြီး ကယ်တင်ပေးခဲ့ပါတယ်'

'အင်း တုမုရန်က သူ့ကို သိပ်ချစ်ပါတယ်။ သူ့အတွက် လုံခြုံမှုအပြည့်အဝပေးမှာ သေချာပါတယ်။ မင်းက ချူးရှန်နော်၊ မင်းမိဘမျိုးနွယ်က ဘယ်သူလဲဆိုတာ ပြောပါဦး။ မင်းက ချူးမျိုးနွယ်မဟုတ်လား'





'ဟုတ်ပါတယ်၊ ဓားဝိဇ္ဇာ ချူးစုအင်းက ကျွန်တော့် အဘိုးပါ'

ပိုးကျူး၏မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွားသည်။ သူက ရီဝေသောမျက်လုံးအစုံဖြင့် ချူးရှန်အား ကြည့်နေ၏။ ပြီးမှ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်၏။

'အင်း ဒါကြောင့် ငါ မင်းရဲ့မျက်နှာကို မြင်ဖူးတယ်လို့ ထင်နေတာကိုး။ မင်းကလဲ မြေဓာပင်တစ်ပင်ပေါ့။ လာပါ လူလေး၊ ဒီကိုလာခဲ့ပါ။ ရှေ့နားမှာ ဝါးတံတားရှိတယ်။ ဒီကနေ ကူးခဲ့ပါ။ ဒီနေရာဟာ မင်းရှာနေတဲ့ အေးချမ်းတဲ့ နေရာ ဖြစ်ပါလိမ့်မယ်'

ပိုးကျူး၏အသံမှာ နူးညံ့ပျော့ပျောင်းစွာ ပေါ်လာ၏။

ချူးရှန်က ချောင်းကွေ့တွင်ရှိသော ဝါးတံတားလေးဆီသို့ လျှောက်ခဲ့သည်။

သူသည် ဝါးတံတားမှနေ၍ ချောင်းငယ်ကို ဖြတ်ကျော်ကာ ပိုးကျူးထိုင်နေရာသို့ လျှောက်ခဲ့သည်။

ပိုးကျူးနှင့် မျက်နှာချင်းဆိုင်မိသောအခါ လက်နှစ်ဖက်ဆုပ်ပြီး ဂါရဝပြုလိုက်သည်။

'ဒေါ်ဒေါ်ကို ကျွန်တော်ချူးရှန် ဂါရဝပြုပါတယ်'

'အိမ်ပေါ်ကို သွားကြမယ်လူလေး၊ ဒီနေရာဟာ ဒေါ်ဒေါ်စိတ်သောကရောက်တဲ့အခါ လာပြီး ပုန်းခိုတဲ့ လျှို့ဝှက်နေရာပဲ။ အတွင်းဘက်ကျပြီး သွားလမ်းလာလမ်း မသင့်တဲ့ ဒီနေရာကို ဘယ်သူမှ မလာကြဘူး။ မင်းဟာ ဓားဝိဇ္ဇာရဲ့ မြေးဖြစ်တဲ့အတွက် မင်း ဒီနေရာမှာနေမယ်ဆိုရင် ဒေါ်ဒေါ် လက်ခံပါမယ်'

'ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော် ဒေါ်ဒေါ့် အတွက် စိတ်အနှောင့်အယှက်မဖြစ်အောင် နေပါ့မယ်။ ကျွန်တော့်အနေနဲ့ ထက်မြက်တဲ့သိုင်းပညာရှင်တစ်ယောက် ဖြစ်အောင် အပြင်းအထန် ကြိုးစားရမယ်'

'အင်း၊ မင်းရဲ့ရန်သူဟာ ဘယ်သူဆိုတာ ဒေါ်ဒေါ် မမေးတော့ပါဘူး။ တစ်ခုတော့ ဒေါ်ဒေါ်ပြောချင်တယ်။ ရန်သူလို့ ထင်တိုင်း ရန်သူ မဟုတ်တတ်ကြဘူး။ အပြစ်တွေ အများကြီးကျူးလွန်လို့ အစွပ်စွဲခံရတဲ့ လူဟာလဲ အပြစ်မဲ့သူ ဖြစ်ချင်ဖြစ်နေတတ်တယ်။ ဘာပဲဖြစ်ဖြစ် မင်း ဒီမှာနေပါ။ သိုင်းပညာ လေ့ကျင့်ပါ။ ဒေါ်ဒေါ်ကလဲ တတ်စွမ်းသမျှ ကူညီပါ့မယ်။ မင်းအနေနဲ့ ဒေါ်ဒေါ့်အတွက် တစ်ခုပဲ ဆောင်ရွက်ပေးပါ။ အဲဒါကတော့ စင်းစင်းကို





သွားခေါ်ပေးဖို့ပဲ။ အဲဒီကိစ္စကိုလဲ ချက်ချင်းလုပ်ဖို့ မလိုပါဘူး။ နောက်တစ်လစာအတွက် ဈေးဝယ်ထွက်တဲ့အခါကျမှ ခရီးသွား ဟန်လွှဲ ဆောင်ရွက်ပေးပါ'

'ဟုတ်ကဲ့၊ ဒေါ်ဒေါ် ပေးတဲ့တာဝန်ကို ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်'

ပိုးကျူးက ကျေနပ်သွားဟန် ခေါင်းညိတ်သည်။ ပြီးနောက် ဝါးအိမ်လေးရှိရာသို့ လျှောက်သွားသည်။ ချူးရှန် သည် ပိုးကျူး၏နောက်မှ အရိပ်သဖွယ် လိုက်ပါခဲ့လေ၏။

▼ ❒ ▼

# အခန်း ( ၂၅ )

ဝါးအိမ်လေး၏ အနောက်ဘက်တွင် ကျယ်ပြန့်သော မြေကွက်လပ်တစ်ခု ရှိသည်။ ထိုမြေကွက်လပ်မှာ ချူးရှန် သိုင်းလေ့ကျင့်သည့်နေရာပင် ဖြစ်သည်။

သူသည် နေ့စဉ်ပင် လျို့ဝှက်အသံရှင်ထံမှ ရထားသော သိုင်းကျမ်းကို လေ့လာသည်။ ထို့နောက် သိုင်းကျမ်းပါ သိုင်းပညာရပ်များကို လေ့ကျင့်သည်။ သူသိုင်းပညာ လေ့ကျင့်နေစဉ် အတွင်း လျို့ဝှက်အသံရှင်က အဝေးမှ အသံပို့လွှတ်ပြီး လိုအပ်သည်များကို ပြောဆို ပြုပြင်ပေးသည်။

သိုင်းပညာ လေ့ကျင့်ရာမှ အနားယူသည့် နေ့လယ်ပိုင်းတွင် ချူးရှန် အ,အားမနေပေ။ သူက ထင်းခွေခြင်း၊ သစ်သီးဝလံများ ရှာဖွေ ခူးဆွတ်ခြင်း၊ သားငါးဟင်းလျာများ



F. 22 B



ရှာဖွေခြင်း စသည့် အလုပ်များကို လုပ်သည်။ ညနေပိုင်း သိုင်းလေ့ကျင့်သည့်အခါ သူ့အနားတွင် ပိုးကျူးရှိနေတတ်၏။ ပိုးကျူးက ချူးရှန် သိုင်းလေ့ကျင့်နေသည်ကို အလွန်အမင်း စိတ်ဝင်စားဟန်ဖြင့် ကြည့်ရှုသည်။ ပြီး ချူးရှန်၏ ခြေလက် အနေအထားများကို ပြုပြင်ပေးတတ်သည်။

အထူးသဖြင့် အတွင်းအား လေ့ကျင့်ရာ၌ ချူးရှန်အား ထိထိရောက်ရောက် ကူညီ၏။ ချူးရှန် ၏ သွေးကြောများကို ပြုပြင်ပေးခြင်း၊ အတွင်းအား လှည့်ပတ်မှု မှန်ကန်စေရန် သူ၏ အတွင်းအားဖြင့် ထိန်း ပေးခြင်းများ ပြုလုပ်ပေးသည်။

ဤသို့ဖြင့် နေ့ရက်များစွာ ကုန်လာခဲ့သည်။ ချူးရှန် ၏ အခြေအနေမှာ တစ်နေ့တခြား တိုးတက်သည်ထက် တိုးတက်လာသည်။ တစ်ညနေ ချူးရှန် သိုင်းလေ့ကျင့်နေစဉ် မမျှော်လင့်သူတစ်ယောက် ရောက်လာသည်။

ညနေပိုင်းတွင် ရာသီဥတုမှာ သာယာ ကြည်လင်နေ၏။ ပိုးကျူးက ချူးရှန့် သိုင်းလေ့ကျင့်ရာ၌ အထောက်အကူ ပြုရန် ဓောင်းကို ညင်သာစွာ တီးခတ်နေစဉ်တွင် တောင်ပေါ်မှ ဖြူဖွေးသောသင်္ကန်းတစ်ခု လေတွင် လွင့်မျောသည့်ပမာ ပြေးဆင်းလာသည်ကို တွေ့ရ၏။

မသဲမကွဲနိုင်သော စောင်းသံကြောင့် ချူးရှန်က သိုင်းလေ့ကျင့်နေရာမှ မော်ကြည့်ရင်း ထိုသဏ္ဍာန်ရှင်ကို တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။ ပိုးကျူးမှာလည်း အတွင်းစွမ်းအားထက်မြက်သူ ဖြစ်သဖြင့် စောင်းတီးခတ်ခြင်းကို ရပ်ပြီး အသံပေါ်ထွက်လာရာသို့ လှမ်းကြည့်သည်။

ပြေးလာသည့်အရှိန်ကြောင့် ဝတ်စုံဖြူဖြူနှင့် ဆံပင်နက်နက်ရှည်ရှည်တို့ လေမှာ လွင့်ဝဲနေသည်။ ၎င်း၏ ပြေးလာပုံမှာ ကိုယ်ဖော့ပညာသုံး၍ ပြေးလာခြင်းမျိုး မဟုတ်ဘဲ သာမန်လူတစ်ယောက် ပြေးလာသည့် ပြေးခြင်းမျိုး ဖြစ်နေသည်။ ရှည်လျားသည့် ဆံပင်ကြောင့် မိန်းကလေးတစ်ယောက်ဟု သိသာနေ၏။

'ချူးရှန် မင်းတို့အတွက် ဧည့်သည်တစ်ယောက်ကို ငါ ခေါ်လာခဲ့တယ်။ ဒီ ဧည့်သည် ရောက်လာတဲ့အတွက် မင်း ပြင်ပကို သွားဖို့အကြောင်း မရှိတော့ဘူး'

ပြေးလာသော သဏ္ဍာန်ရှင်ကို ကြည့်နေဆဲ လျှို့ဝှက်အသံနှင့် ပြောသည့်စကားကို ကြားရသည်။ ကြားရသည့်စကားသံကြောင့် ချူးရှန်၏ စိတ်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။





'မေမေ... မေမေ'

'ဟင်... ဒါ... ဒါ...'

အဖြူရောင်ဝတ်စုံရှင် မိန်းကလေးသည် ဝါးတံတားကို ကျော်ဖြတ်ရင်းမှ အော်ခေါ်လိုက်သည်။ ပိုးကျူးက စောင်းကို ချပြီး နေရာမှ ဖြုန်းခနဲ ထ,ရပ်သည်။ ချူးရှန်လည်း ဓားသိမ်းလိုက်ပြီး အဖြူရောင်ဝတ်စုံရှင် မိန်းကလေးကို လှမ်းကြည့်သည်။

'ဒါ စင်းစင်းရဲ့အသံ၊ ဟုတ်တယ်။ သူ စင်းစင်းကိုယ်တိုင်ပဲ'

ပြေးလာသည့် မိန်းကလေး၏ ရုပ်သွင်ကို ပီပီသသတွေ့ရသည်။ ထိုမိန်းကလေးမှာ စင်းစင်းပင် ဖြစ်၏။ စင်းစင်းမှာ အိမ်ကို ကျေ့ပတ်ပြီး ပြေးလာကာ အံ့အားသင့်ခြင်း၊ ဝမ်းသာခြင်းနှင့် မလှုပ်မယှက် ရပ်နေသော ပိုးကျူး၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။

'မေမေ'

'သမီး'

'မေမေ ဒီမှာရှိနေတယ်လို့ လူတစ်ယောက်က ပြောပြီး လမ်းပြတာနဲ့ သမီး လာခဲ့တာ။ မေမေ သမီးကို မောင်းမထုတ်ပါနဲ့နော်'

ပိုးကျူးက စင်းစင်းအား ဖက်တွယ်ထားပြီး ခေါင်းကို ညင်သာစွာ ပွတ်သပ်သည်။ သူ့မျက်နှာမှာ ပြုံးနေလျက် သူ၏ မျက်လုံးအစုံမှ မျက်ရည်တွေ စီးကျသည်ကို တွေ့ရ၏။

'သမီးကို မေမေက ဘာဖြစ်လို့ မောင်းထုတ်ရမှာလဲ။ နောက် သုံးရက် ချူးရှန် ဈေးဝယ်ထွက်တဲ့အခါ သမီးကို သွားရှာပြီး ခေါ်ခဲ့ဖို့တောင် မေမေ ပြောထားသေးတယ်။ ဒါထက် မင်းရဲ့ အဖေကော'

စင်းစင်းက ချူးရှန်အား ဖျတ်ခနဲ မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ ပြီး မိခင်၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်၏။

'ဖေဖေက သူ့ဘဝမှာ လုပ်သင့်ရဲ့သားနဲ့ မလုပ်ဖြစ်ခဲ့တဲ့ အလုပ်တွေကို လုပ်တော့မယ်ဆိုပြီး ထွက်သွားတယ်။ ဖေဖေ ထွက်သွားပြီးတဲ့နောက် အဘိုးကြီးတစ်ယောက် ရောက်လာပြီး မေမေ ဒီနေရာမှာ ရှိနေတဲ့အကြောင်း သူ လမ်းပြပေးမယ်ဆိုတဲ့အကြောင်း ပြောတယ်။ မေမေရဲ့ ကျောက်စိမ်းဆံထိုးကိုလဲ သက်သေခံအဖြစ်နဲ့ ပြတယ်။ ဒါကြောင့် သူ့နောက်ကို သမီး လိုက်ခဲ့တာ၊ ဒီကို ရောက်လာတာ'

'အခု အဲဒီလူ ဘယ်မှာလဲ'

'သူတောင်ပေါ်မှာ နေခဲ့တယ် မေမေ။ ဒီနေရာမှာ မေမေ့အိမ်ရှိတယ်လို့ ပြပြီး ထွက်သွားတယ်။ သမီးလဲ ချယ်ရီ





ပင်တွေကို တွေ့တာနဲ့ မေမေ့နေရာ အမှန်ပဲဆိုပြီး တောင်ပေါ်ကနေ ပြေးဆင်းလာတာ'

ပိုးကျူးက စင်းစင်းအား ကြည့်ရင်း စီးကျလာသော မျက်ရည်များကို သုတ်သည်။ ပြီးနောက် ချူးရှန်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်၏။

'သမီး ချူးရှန်ကို သိတယ်နော်'

'ဟုတ်...ဟုတ်ကဲ့၊ သိပါတယ် မေမေ'

'သူ မေမေ့ဆီကို ရောက်နေတာ ကြာပြီ။ သမီးရဲ့ အစ်ကိုကို နှုတ်ဆက်လိုက်ပါဦး'

စင်းစင်းက ရှန်းလဲ့ တောက်ပသော မျက်လုံးအစုံဖြင့် ချူးရှန်အား ကြည့်သည်။ ချူးရှန်က အသာအယာ ပြုံးလိုက်သည်။

'အစ်ကို'

'ညီမ မင်း အခု အမေနဲ့ တွေ့ရလို့ ဝမ်းသာနေပြီ မဟုတ်လား'

စင်းစင်း ခေါင်းညိတ်လိုက်သည်။

'မေမေနဲ့အတူ အစ်ကိုပါ ရှိနေတဲ့အတွက် ပိုပြီး ဝမ်းသာပါတယ်။ ညီမ မေမေနဲ့အတူ ဒီနေရာမှာပဲ အမြဲနေမယ်၊ အစ်ကိုကော ခနပယ် မဟုတ်လားဟင်'

ချူးရှန်က စင်းစင်းအား ရိဝေစွာတစ်ချက် ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

'နေမှာပေါ့ ညီမရယ်။ ဒေါ်ဒေါ်ဟာ အစ်ကို့ကျေးဇူးရှင် တစ်ယောက်ပဲ၊ ဒေါ်ဒေါ့်ကို ခွဲပြီး အစ်ကို ထွက်မသွားပါဘူး'

'အစ်ကို ဖေဖေ့ကို လိုက်ရှာပြီး လက်စား မချေတော့ဘူးပေါ့ ဟုတ်လား'

ချူးရှန်က မဖြေ။ စင်းစင်းအား တိတ်ဆိတ်စွာနှင့် ကြည့်နေ၏။ ပိုးကျူးထံမှ သက်ပြင်းချသံ ပေါ်လာသည်။

'ငါ ထင်တဲ့အတိုင်းပဲ။ မင်းရဲ့ ရန်သူဟာ တုမုရန် ဖြစ်နေပါလား ချူးရှန်'

'ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒါပေမယ့် ကျွန်တော်...'

'ငါ့ကို ဘာမှအားနာစရာ မလိုပါဘူး။ မင်းအနေနဲ့ တာဝန်ရှိတဲ့အလုပ်ကို လုပ်နိုင်ပါတယ်'

ချူးရှန်က ခေါင်းကို လေးတွဲ့စွာ ခါသည်။ သူ့ရင်ထဲတွင် တင်းကျပ် ဆို့နင့်သော ဝေဒနာတစ်ရပ် ပေါ်လာ၏။ ပျော်ရွှင်ခြင်းနှင့် စိတ်ညစ်ညူးခြင်းတို့ သူ့ကို သိမ်မွေ့စွာ လွှမ်းခြုံလာလေသည်။

○ ○ ○





စင်းစင်း ရောက်လာသည်နှင့် ပိုးကျူး၏ သောကဖြေ ဝါးအိမ်ကလေးမှာ စိုစိုပြည်ပြည် ရှိလာသည်။ ပိုးကျူး၏ စောင်းသံမှာ သာယာ ကြည်နူးခြင်းတွေ လွှမ်းမိုးလာသည်။ ဝါးအိမ်လေးတွင် ပျော်ရွှင်စွာ ရယ်မောသံများကို ကြားလာရ၏။

ချူးရှန်မှာ တာဝန်မပျက်ပင် နံနက် မိုးသောက်သည်နှင့် သိုင်းလေ့ကျင့်ရာ မြေကွက်လပ်သို့ သွားပြီး သိုင်းပညာ လေ့ကျင့်သည်။ လျှို့ဝှက်အသံရှင်ပေးသည့် သိုင်းကျမ်းပါ သိုင်းပညာအဆင့်ကို ကိုးဆင့်အနက် ရှစ်ဆင့်ကို တတ်မြောက်လာသဖြင့် သူ့မှာ အားတက်သရော ရှိနေ၏။

ချူးရှန် သိုင်းလေ့ကျင့်နေစဉ် ရူးရှသော လေချွန်သံတစ်ချက်နှင့်အတူ အရာဝတ္ထုတစ်ခု ပျံ့လွင့်လာသည်ကို တွေ့ရ၏။ ချူးရှန်က လျင်မြန်သွက်လက်စွာဖြင့် ထိုအရာကို ဖမ်းယူလိုက်၏။

ပစ်လွှင့်လာသည့် အရာမှာ ဆေးဘူးတစ်ဘူး ဖြစ်သည်။ ဆေးဘူးထဲတွင် ဖြူ၊ နီ၊ ဝါ ဆေးလုံးသုံးလုံး ရှိနေသည်ကို တွေ့ရ၏။

'ချူးရှန် မင်း အခုရလိုက်တဲ့ ဆေးလုံးသုံးဟာ သမားတော်ကြီး ကျင်း သက်တမ်းတစ်လျှောက်လုံး မဟာ

ဆေးမြစ်ဆေးဥတွေ စုဆောင်းပြီး ဖော်စပ်ထားတဲ့ ဆေးဘဲ။ သူ့သက်တမ်းတစ်လျှောက်လုံးမှာ ဆေးသုံးလုံးပဲ ဖော်လို့ ရခဲ့တယ်။ ဒီ ဆေးလုံး သုံးလုံးဟာ နှစ်ပေါင်း သုံးဆယ် လေ့ကျင့်မှ ရတဲ့အတွင်းအားမျိုးကို ရစေတယ်။ အရိုး အဆစ်တွေ ခိုင်မာစေတယ်။ မင်း ခုချက်ချင်း ဒီဆေးလုံး တွေကို သောက်လိုက်ပါ။ သိုင်းပညာ အဆင့်ကိုးကို လေ့ကျင့်ဖို့အတွက် မင်းမှာ ထူးခြားတဲ့ အတွင်းအားတွေ ရှိမှဖြစ်မယ်'

လျှို့ဝှက် အသံရှင်၏ အသံကိုကြားရသည်။ ချူးရှန်က သံသယမရှိဘဲ ဆေးဘူးထဲမှ ဆေးလုံးသုံးလုံးကို ထုတ်ယူ သောက်ချလိုက်သည်။

'မင်း အခုထိုင်ပြီး အတွင်းအား လေ့ကျင့်ပါ။ ဖြူ၊ နီ၊ ဝါ ဆေးမဟာရဲ့ အစွမ်းကို မင်း ရရှိလာလိမ့်မယ်'

ချူးရှန်က လျှို့ဝှက်အသံရှင်၏ စကားအတိုင်း မြေပြင်ပေါ်သို့ တင်ပျဉ်ခွေထိုင်ချကာ အတွင်းအား စတင် လေ့ကျင့်သည်။ အတွင်းအား လေ့ကျင့်နေစဉ်အတွင်း ချူးရှန်၏ ဝမ်းဗိုက်ထဲမှ အပူလုံးကြီးတစ်ခု လှုပ်ရှားလာသလို ခံစားရသည်။





'မင်းဗိုက်ထဲမှာ အပူလုံးကြီး ကြွလာလိမ့်မယ်။ ဒီအပူကို အတွင်းအားနဲ့ ချေဖျက်။ ပြီးတော့ အတွင်းအားနဲ့ အတူ သွေးကြောတွေထဲ လှည့်ပတ်ပါ'

လျှို့ဝှက်အသံ၏ ညွှန်ကြားချက်အတိုင်း ချူးရှန်က အပူလုံးကို အတွင်းအားဖြင့် တိုက်ခိုက်ချေဖျက်သည်။ အပူလုံးမှာ အရှိန်အဟုန် ကြီးမားလှ၏။

အတွင်းအားဖြင့် ချေဖျက်သော်လည်း အလွယ်တကူ မကြေပျက်နိုင်။အတွင်းအားကို အဆင့်ဆင့်တိုးကာ ထုတ် နေရသဖြင့် ချူးရှန်တစ်ကိုယ်လုံးမှာ ချွေးတွေ ရွှဲနစ်လာ သည်။

သူ၏ နဖူးပြင်မှာလည်း ချွေးသီးချွေးပေါက်တွေ သီးစို့လာ၏။

ချူးရှန်၏ အသက်ရှူသံမှာ တဖြည်းဖြည်း ပြင်းလာ သည်။ နဖူးပြင်မှ ချွေးတွေ တပေါက်ပေါက်နှင့် ကျလာ၏။

တစ်ခဏအကြာတွင် သူ၏ အသက်ရှူသံ တဖြည်း ဖြည်း မှန်လာသည်။ အဆက်မပြတ် ထွက်နေသော ချွေးတွေ တိတ်စပြုလာ၏။

ချူးရှန်အတွင်းအား လေ့ကျင့်နေစဉ် ပိုးကျူးနှင့် စင်းစင်းတို့ အနားသို့ ရောက်လာသည်။

ပိုးကျူးသည် အတွင်းအား လေ့ကျင့်နေသည့် ချူးရှန်ကိုကြည့်ရင်း မျက်မှောင်ကြုတ်သွားသည်။

'ဒါက ဘယ်လိုဖြစ်တာလဲ။ အတွင်းအား လေ့ကျင့်နေတဲ့ သူ့ကိုယ်က အပူရှိန်တွေ ဒါလောက်ထွက်နေတာ ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘူး'

ပိုးကျူးက ရှေ့တိုးလာပြီး ချူးရှန်အား ထိမည်ပြုသည်။ ထိုအချိန်တွင် ကျယ်လောင်သော အော်သံတစ်သံ ပေါ်လာသည်။

'မထိနဲ့'

အတွင်းအားသုံးကာ အော်လိုက်သော အော်သံကြောင့် ပိုးကျူး တွန့်ခနဲ ဖြစ်သွားသည်။ သူက ဘေးဘီဝန်းကျင်ကို မျက်မှောင်ကြုတ်ပြီး ကြည့်၏။

'ဘယ်သူလဲ လျှို့ဝှက်ပုန်းကွယ်နေစရာ မလိုပါဘူး။ အပြင်ထွက်ခဲ့ပါ'

'ကျုပ်အပြင်ထွက်ဖို့ အချိန် မရောက်သေးဘူး။ ချူးရှန်က ဖြူ၊ နီ၊ ဝါ ဆေးလုံးသောက်ပြီး အတွင်းအား လေ့ကျင့်နေတာ။ သူ့ကိုယ်တွေ ပူရုံမကဘူး၊ အခိုးအငွေ့တွေပါ ထွက်လာလိမ့်မယ်။ အဲဒီအခါကျရင် သူ့ကို ရေနဲ့ လောင်းပေးပါ'





'ရှင် ဘယ်သူလဲ'

'ကျုပ်က ရန်သူ မဟုတ်ပါဘူး။ မိတ်ဆွေပါ။ သူ့ကို လျှို့ဝှက်ကူညီနေတဲ့လူပါ။ မင်းတို့လူပါ။ မင်းတို့အခုရောက်လာတာ သူ့အတွက် အဆင်ပြေသွားတယ်။ သူ့ကိုယ်ပေါ်က အခိုးအငွေ့တွေ ထွက်လာရင် ရေနဲ့လောင်းပါ'

▼ ❐ ▼

# အခန်း (၂၈)

လသာညသည် အေးချမ်းသောအသွင်ကို ဆောင်နေ၏။ ပိုးကျူးက ဝါးအိမ်လေး၏ လသာဆောင်တွင်ထိုင်ကာ စောင်းကို ညင်သာစွာ တီးခတ်နေသည်။ ချူးရှန်နှင့် စင်းစင်းတို့က အနားမှာထိုင်ပြီး စောင်းသံကို နားထောင်နေ၏။

စောင်းသံမှာ တစ်ယောက်နှင့်တစ်ယောက် မခွဲနိုင် မခွာနိုင် ချစ်ခင်နေသော ချစ်သူနှစ်ဦးအကြောင်း ဖွဲ့သီထားသည့် တေးသီချင်းကို တီးခတ်နေခြင်း ဖြစ်၏။ စောင်းကို တီးခတ်ရင်း ပိုးကျူး၏ နှုတ်မှ တေးသီချင်း ညည်းသံသဲ့သဲ့ ပေါ်ထွက်နေသည်။

စောင်းသံ လှူးကာလှိမ့်ကာ ပေါ်ထွက်နေစဉ် ချူးရှန်နှင့် စင်းစင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်





ကြည့်နေကြ၏။ သူတို့၏ မျက်လုံးအစုံမှာ ကြယ်ကလေးများ ပမာ အရောင်တဖျပ်ဖျပ် လက်နေသည်။ စင်းစင်း၏ နှုတ်ခမ်းအစုံ၌ အပြုံးရိပ်တွေထင်နေသည်ကို တွေ့ရ၏။

ပိုးကျူးသည် သူ့ရှေ့တွင် ရှိနေသော လူငယ်နှစ်ယောက်၏အကြည့်၊ အမူအရာတို့ကို စောင်းတီးခတ်ရင်းမှ သတိပြုမိသည်။ သူသည် ချစ်သူတို့အကြောင်း ဖွဲ့နွဲ့ထားသည့်သီချင်းကို ညည်းဆိုရင်း သက်ပြင်းတစ်ချက် ဖွဖွသာသာ ချလိုက်သည်။

စောင်းသံမှာ ပို၍ နွဲ့လာသည်။ စောင်းသံကြောင့် ချူးရှန်တို့၏ ရင်မှာ ကြည်နူးခြင်းများ အတိုင်းအဆမရှိ ပေါ်ပေါက်နေသည်။ ထိုစဉ် သာယာကြည်နူးဖွယ် ညချမ်းကို ဖျက်ဆီးမည့် ရူးဝါးသော အသံတစ်သံ ပေါ်လာ၏။

ရုတ်တရက် ပေါ်ထွက်လာသည့်အသံမှာ ပလွေသံဖြစ်သည်။ ပလွေသံသည် ရူးရှပြီး အသံဗလံမှန်သမျှကို ထိုးဖောက်ဖျက်ဆီးမည့်နှယ်ရှိသည်။ ပိုးကျူးနှင့် ချူးရှန်တို့ ဆတ်ခနဲ ခေါင်းထောင်ကြည့်မိ၏။ စင်းစင်းမှာ အသံကို နားမခံသာဟန်ဖြင့် နားနှစ်ဖက်ပေါ် လက်ဝါးဖြင့် ညှပ်ပိတ်လိုက်သည်။

'ချူးရှန် စင်းစင်းကို သွေးကြောပိတ်လိုက်။ အိပ်ကြောကို တစ်ခါတည်း နှိပ်လိုက်'

'ဒေါ်ဒေါ် သူ...'

'ပလွေသံကို သူခံနိုင်မှာမဟုတ်ဘူး။ ဒီည ငါတို့ သိပ်ကြောက်စရာကောင်းတဲ့ ရန်သူနဲ့ ရင်ဆိုင်ရလိမ့်မယ်။ မင်း ငါခိုင်းတာကို မြန်မြန်လုပ်စမ်း'

'ဟုတ်ကဲ့'

ချူးရှန်က သူ့အနားတွင် ထိုင်နေသော စင်းစင်း၏ သွေးကြောကို လှမ်းပိတ်သည်။ အိပ်ကြောကို အပိတ်ခံရသည်နှင့် စင်းစင်းမှာ ဘေးသို့ ယိုင်သွား၏။ ချူးရှန်က စင်းစင်း၏ ကိုယ်ကို ထိန်းပြီး ကြမ်းပြင်ပေါ်သို့ ချသိပ်လိုက်သည်။

'တစ်ဖက်ကအသံကို မင်းရဲ့ အတွင်းအားနဲ့ ခုခံပါ လူလေး'

ပိုးကျူးက တည်ကြည်စွာပြောရင်း စောင်းကို သံစဉ် ပြောင်းတီးခတ်သည်။ စောင်းသံမှာ မိုးထစ်ချုန်းသံပမာ ပေါ်လာ၏။

စောင်းသံကြောင့် ချူးရှန်မှာ နားတွေ အူသွားသလို ခံစားရ၏။ ထိုအချိန်မှာပင် စူးရှသော ပလွေသံက စောင်းသံကို တိုက်ခိုက်လာသည်။





ချူးရှန်သည် အတွင်းအား ထုတ်ကာ ကိုယ်တွင်း လှည့်ပတ်လိုက်သည်။ ပူနွေးသောအတွင်းအားများ သွေးကြောတစ်လျှောက် လှည့်ပတ်စီးဆင်းသည်။ ချူးရှန်မှာ နားတွေအူပြီး ကတုန်ကယင် ဖြစ်သည့်အဖြစ်မှ လွတ်မြောက်သွားရ၏။

ပိုးကျူး၏ စောင်းသံမှာ စစ်သည်များစွာတို့ တိုက်ပွဲဝင်နေသည့်ပမာ စူးရှခက်ထန်စွာ ပေါ်ထွက်နေသည်။ ပလွေသံကလည်း စောင်းသံကိုမပြတ် ထိုးဖောက်တိုက်ခိုက်နေ၏။ တစ်ချက်တစ်ချက်တွင် ပလွေသံက စောင်းသံကို လွှမ်းသွားမတတ် ရှိသည်။

စောင်းတီးခတ်နေသော ပိုးကျူး၏ နဖူးပြင်တွင် ချွေးသီးချွေးပေါက်များ သီးစို့လာသည်။ သို့သော် သူက စောင်းတီးခတ်ခြင်းကိုမရပ်။ သံစဉ်ကို ပို၍ မြင့်သည် ထက်မြင့်အောင် တီးခတ်သည်။

ပလွေသံနှင့် စောင်းသံတို့ အပြန်အလှန် ပေါ်ထွက်နေစဉ် ပိုးကျူး၏ စောင်းကြိုးတစ်ချောင်း ထောင်းခနဲ ပြတ်သွား၏။ စောင်းသံမှာလည်း ရုတ်ခြည်း ရပ်ဆိုင်းသွားသည်။

စောင်းသံရပ်သွားစဉ် စောင်းသံနှင့်အတူ ပေါ်ထွက်နေသော ပလွေသံလည်း ရပ်သွားသည်။ ပိုးကျူးသည်လည်း စောင်းကို ချပြီး မျက်လုံးအစုံ မှေးမှိတ်ကာ အသက်ကို

ဖြည်းညင်းစွာရှုနေသည်။ ချူးရှန်က ပိုးကျူးအား စိုးရိမ်မကင်းနှင့် ကြည့်လိုက်သည်။

'ဒေါ်ဒေါ်'

'ရန်သူကို သတိထားပါ'

ချောင်းတစ်ဖက်ဆီမှ ရှုးရှုအက်ကွဲသော ရယ်သံတစ်သံ ပေါ်လာသည်။ ရယ်သံနှင့်အတူ မည်းမည်းရိပ်သဏ္ဍာန်တစ်ခု ပြေးထွက်လာ၏။

ချူးရှန်က ပိုးကျူးနှင့် စင်းစင်းတို့အား ကာကွယ်ရန် နေရာမှ ထရပ်လိုက်သည်။ ထိုအချိန်မှာပင် လရောင်အောက်သို့ အနက်ရောင် ဝတ်စုံဝတ်ထားသည့် အကျည်းတန်အဘွားအိုတစ်ယောက် ရောက်လာ၏။

'ဟင် ဆရာ'

ချူးရှန်က အဘွားအိုအား တွေ့သည်နှင့် ထိတ်လန့်စွာ ရေရွတ်ခေါ်ဆိုလိုက်သည်။

'ဟား ဟား ချူးရှန် မင်းဟာ ငါခိုင်းတာကို မလုပ်တဲ့အပြင် ရန်သူကို အားပေးပြီး ရန်သူမိသားစုနဲ့ ပူးပေါင်းနေပါလား။ မင်းရှေ့မှာရှိနေတဲ့ မိန်းမနဲ့ ကလေးမကို သတ်ပစ်လိုက်စမ်း'





ချူးရှန်၏ကိုယ် ဆတ်ခနဲ တုန်သွားသည်။

'ဆရာ သူတို့ဟာ ဘာအပြစ်မှ မရှိတဲ့လူတွေပါ။ သူတို့ကို ဒုက္ခမပေးပါနဲ့'

'ဟား ဟား ဟား မင်းက ငါ့ကို သစ္စာဖောက်လိုက်ပြီပေါ့။ အိလန်၊ စန့်ကွမ်းထင်း ဒီကိုလာစမ်း'

မှောင်ရိပ်ထဲမှ လူနှစ်ယောက် ထွက်လာသည်။ ထိုသူနှစ်ယောက်မှာ အိလန်နှင့် စန့်ကွမ်းထင်းတို့ပင် ဖြစ်၏။

'ကြည့်စမ်း သူက ပျားဒေဝီဆိုတဲ့ငါ့ရဲ့တပည့်။ အခုတော့ ငါ့စကားကို ပယ်ရှားနေပြီ။ မင်းတို့နှစ်ယောက် ဟိုမိန်းမနဲ့ ကလေးမကို သွားသတ်။ ငါ သူ့ကို သတ်မယ်'

ပျားဒေဝီဟု သူ့ကိုယ်သူ ထုတ်ဖော်ပြောသည့် အဘွားအို၏ စကားကို အိလန်နှင့် စန့်ကွမ်းထင်းတို့ နာခံကြခြင်းမရှိ။ သူတို့က နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်သွားကြသည်။

ပျားဒေဝီ ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားသည်။ သူက ရှုးရဲသော မျက်လုံးအစုံဖြင့် အိလန်နှင့် စန့်ကွမ်းထင်းတို့အား ကြည့်သည်။

'မင်းတို့ကလဲ ငါ့ကို အာခံတယ်ပေါ့ ဟုတ်လား'

'ကျွန်တော်တို့ အကြောင်းမဲ့ လူမသတ်နိုင်ဘူး

ဘွားဘွား။ ချူးရှန်ဟာ ကျွန်တော့်ရဲ့ သွေးသောက်ညီပါ။ ဒီမိန်းမကြီးနဲ့ ကောင်မလေးဟာလဲ အပြစ်မရှိတဲ့ လူတွေပါ'

'ဘာ အပြစ်မရှိတာလဲ။ သူက တုမုရန်ရဲ့ မိန်းမ၊ ဟိုကောင်မလေးက တုမုရန်ရဲ့ သမီး။ အိလန် မင်း လက်နှေးရင် ချူးရှန် အဲ့ဒီကောင်မလေးနောက် ပါသွားလိမ့်မယ်'

အိလန် တွေဝေသွားသည်။ ပြီးမှ သူက အောက်နှုတ်ခမ်းကို တင်းတင်းကြိတ်ပြီး ခေါင်းဆတ်ခါလိုက်၏။

'ကျွန်မ သူ့ကို မသတ်နိုင်ဘူး'

'ဘာ ညည်းက ငါ့စကားကို ပယ်ရှားတယ်ပေါ့'

'ဘွားဘွား တခြားခိုင်းချင်တာခိုင်းပါ။ ဒီအလုပ်ကိုတော့ ကျွန်မ မလုပ်နိုင်ဘူး'

'ကောင်းပြီ။ ဒါဆိုရင် ငါကိုယ်တိုင်လုပ်မယ်။ သူတို့အားလုံးကို ငါကိုယ်တိုင် သတ်ပစ်မယ်'

ပျားဒေဝီ ရှေ့ကို တိုးလာသည်။ သူက ချူးရှန်အား အရောင်တလဲ့လဲ့ထွက်နေသော မျက်လုံးအစုံဖြင့် ကြည့်၏။

'ချူးရှန် မင်း ငါ့ကို တိုက်ခိုက်ပါ'

ချူးရှန် ခေါင်းခါလိုက်သည်။

'ကျွန်တော် မတိုက်ခိုက်ပါရစေနဲ့ ဆရာ'

'တိုက်စမ်း၊ မင်း မတိုက်ရဲဘူးလား'





ချူးရှန် တွေဝေစွာဖြင့် ပျားဒေဝီအား ကြည့်နေသည်။ ပျားဒေဝီက လရောင်အောက်တွင် ရပ်လိုက်၏။ ထိုအချိန်တွင် အနားယူကာ ထိုင်နေသော ပိုးကျူး၏ မျက်လုံးအစုံ ဖြည်းညင်းစွာ ပွင့်လာသည်။

'ပျားဒေဝီ ရှင် ကျွန်မကို သတ်ချင်နေတယ် မဟုတ်လား။ သတ်လိုက်ပါ။ ကလေးတွေကို ဒုက္ခမပေးပါနဲ့။ တကယ်တော့ ရှင်ဟာ လိုတာ မရတဲ့အတွက် ရမ်းကားနေတဲ့ လူတစ်ယောက်ပဲ။ တုမုရန်ကိုမရတာနဲ့ တုမုရန်နဲ့ ပတ်သက်သူမှန်သမျှကို ရန်ရှာနေတာ နည်းလမ်းမကျဘူး'

'ဟေ့ ငါက ကျူပင်ခုတ် ကျူငုတ်မကျန်ရှင်းပစ်မှာ။ ဒါကို မင်းသိရဲ့လား'

ပိုးကျူးက ပျားဒေဝီအား တည်ငြိမ်စွာ ကြည့်သည်။

'ရှင်ဟာ တစ်နေ့မဟုတ် တစ်နေ့ ကျွန်မကို ရန်ရှာလာမယ်ဆိုတာ ကျွန်မသိပါတယ်။ ရှင်က ဘာအပြစ်မှ မရှိတဲ့ ချယ်ရီကို သတ်ပစ်လိုက်တယ်။ ပြီးတော့ သူ့သားကို လူသတ်ဖို့ တာဝန်ပေးတယ်။ ချူးရှန် မင်းရှေ့က အဘွားကြီးဟာ မင်းအမေကိုသတ်တဲ့လူ၊ သူဟာ တုမုရန်ကို မရတာနဲ့ ရူးသွပ်နေတဲ့လူပဲ'

ပျားဒေဝီအား ဝေခွဲရခက်ဟန်ဖြင့် ကြည့်နေသည့် ချူးရှန်၏ မျက်လုံးအစုံ တဖြည်းဖြည်း အရောင်ပြောင်းလာသည်။ သူ၏ မျက်လုံးအစုံ၌ နာကြည်းရိပ်၊ မုန်းတီးရိပ် တွေပေါ်လာ၏။

'ဒါ အမှန်ပဲလား။ ကျွန်တော့်အမေကို ခင်ဗျား သတ်လိုက်တယ် ဟုတ်လား'

'ဟား... ဟား... ဟုတ်တယ်။ သူက တုမုရန်နဲ့ ပတ်သက်ခဲ့တဲ့အတွက် ငါသူ့ကို သတ်လိုက်တယ်။ ပြီးတော့ လက်စားချေတဲ့အနေနဲ့ မင်းကို တာဝန်ပေးတယ်'

'ခင်ဗျား သိပ်ယုတ်မာတယ်'

ချူးရှန်က လသာဆောင်မှနေ၍ အောက်သို့ ရိပ်ခနဲ ခုန်ဆင်းသည်။ မြေပြင်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် သူက ပျားဒေဝီအား တရကြမ်း ဝင်ရောက် တိုက်ခိုက်သည်။ ပျားဒေဝီက တဟားဟားနှင့် ရယ်မောပြီး ချူးရှန်၏ တိုက်ကွက်များကို ခုခံသည်။

'မင်းက ငါ့တပည့်ပါ။ ငါသင်ပေးတဲ့ပညာနဲ့ ငါ့ကို ပြန်သတ်လို့ရမယ်များ ထင်နေသလား'

'ကျုပ် ခင်ဗျားရဲ့တပည့် မဟုတ်ဘူး'





'ဟား... ဟား... ဟား... ဟား...'

ပျားဒေဝီက သူ၏ အင်္ကျီထဲမှ လက်အိတ်တစ်ခုကို ထုတ်ယူပြီး လက်တွင်စွပ်လိုက်သည်။ နောက်နားမှ ကြည့်နေသော အီလန်နှင့် စန့်ကွမ်းထင်းတို့ ရင်ထိတ်သွား၏။

'သတိထား သူ အဆိပ်သုံးတော့မယ်'

အီလန်က ထိတ်လန့်စွာ အော်လိုက်သည်။ ပျားဒေဝီသည် အီလန်ကို ခက်ထန်စွာကြည့်ရင်း လက်တစ်ဖက် ဝေ့ယမ်းလိုက်၏။

'အီလန် သတိထား'

စန့်ကွမ်းထင်းက ရှေ့ကို ခုန်ထွက်လာပြီး အီလန်အား ကာလိုက်သည်။ ပျားဒေဝီ ပစ်လွှတ်လိုက်သည့် ရွှေရောင် အဆိပ်အပ် စန့်ကွမ်းထင်း၏ ပခုံးကို ထိမှန်သွား၏။

'အား'

စန့်ကွမ်းထင်း ယိမ်းယိုင်သွားသည်။ ချူးရှန် ရပ်မနေနိုင်တော့။ လျှို့ဝှက်အသံရှင်ပေးသည့် နက္ခတ်ဓားကို ထုတ်ကာ ပျားဒေဝီအား ဝင်ရောက်တိုက်ခိုက်သည်။ ပျားဒေဝီမှာ လျင်မြန်ပြင်းထန်သော ချူးရှန်၏ သိုင်းကွက်များကြောင့် မျက်လုံးပြူးသွားပြီး [illegible]သို့ ကပျာကယာ ဆုတ်သည်။

'ဩော် မင်းက သိုင်းပညာ တော်တော် တိုးတက်နေတာကိုး'

'လူယုတ်မာမကြီး ခင်ဗျားကို ကျုပ်သတ်မယ်'

'ဟား ဟား ဟား ဟား မင်းဘယ်လောက်တော်တော် တုမုရန်ကို မယှဉ်နိုင်သေးပါဘူး။ သူက မင်းကို လာရှင်းလိမ့်မယ်'

ပျားဒေဝီက အော်ဟစ်ရယ်မောရင်း နောက်သို့ဆုတ်သည်။ ပြီးနောက် အမှောင်ထဲသို့ ခုန်၍ ပြေးဝင်သည်။

'ဟင် သူပြေးပြီ'

'မလိုက်နဲ့ လူလေး။ သူဟာ သိပ် အငြိုးကြီးတဲ့မိန်းမ။ မကြာခင် ပြန်လာလိမ့်မယ်။ ဟိုမှာ မင်းရဲ့ မိတ်ဆွေ ဒဏ်ရာရထားတယ်။ သူ့ကို အိမ်ပေါ် ခေါ်တင်လိုက်'

ချူးရှန်က အဆိပ်အပ် ထိမှန်ခံထားရသော စန့်ကွမ်းထင်းကို ပွေ့ချီပြီး အိမ်ပေါ်သို့တက်သည်။ အိလန်က နောက်မှ လိုက်လာလေ၏။

▼ ❐ ▼



# အခန်း ( ၂၉ )

တစ်ညလုံး ပြုစုသည့်တိုင် စန့်ကွမ်းထင်း၏ အခြေအနေမှာ ကောင်းမွန်လာခြင်းမရှိ။ သူ့တစ်ကိုယ်လုံး သွေးဆုတ်ဖြူဖျော့ကာ အသက်ရှူသံတွေ နှေးကွေး လေးလံလာသည်။

အိလန်နှင့် ချူးရှန်တို့မှာ စန့်ကွမ်းထင်းအနားတွင် တစ်ညလုံး ထိုင်နေကြသည်။ သူတို့က စိုးရိမ်သောကဖြင့် စန့်ကွမ်းထင်းအား ပြုစုကြ၏။ သို့သော် စန့်ကွင်းထင်း၏ အခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်း မရှိချေ။

နံနက်မိုးသောက် အလင်းရောက်ချိန်တွင် စန့်ကွမ်းထင်း၏ မျက်နှာမှာ သွေးရောင်မရှိလောက်အောင် ဖြူဖျော့လာသည်။ အိလန်သည် သူ့အား အသက်နှင့်ရင်း၍ ကယ်တင်လိုက်သော စန့်ကွမ်းထင်းကို ကြည့်ရင်း မျက်ရည်တွေတွေ ကျနေလေသည်။

'သူသေရင် ကျွန်မလဲ မနေဘူး။ လိုက်သေမယ်။ တကယ်တော့ သူဟာ ကျွန်မအတွက် အသက်ကို ရင်းဖို့ မကောင်းပါဘူး။ ကျွန်မဟာ ဒါလောက် တန်ဖိုးမရှိပါဘူး။ သူ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ။ ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ။ သူက မင်းအပေါ် အသက်ထက်ပိုပြီး တန်ဖိုးထားလို့ပေါ့။ မင်းအနေနဲ့ သူ့ကို အစောကြီးကတည်းက လက်ခံသင့်ပါတယ်။ တကယ်ဆို သူဟာ မင်းနဲ့ ထိုက်တန်တဲ့သူပါ'

ချူးရှန်၏စကားက အိလန်အား ပို၍ စိတ်ထိခိုက်သွားစေသည်။ သူသည် စန့်ကွမ်းထင်း၏ လက်ကိုတယုတယ ဆုပ်ကိုင်ရင်း ငိုချလိုက်၏။

'မငိုပါနဲ့ အိလန်။ သူ့ကို ဒေါ်ဒေါ်က အဆိပ်ဖြေဆေးတွေ တိုက်ထားတာပဲ၊ သူ သက်သာလာပါလိမ့်မယ်'

အိလန်က တစ်စုံတစ်ရာ ပြန်လည် ဖြေဆိုခြင်းမပြု။ ငိုမြဲငိုနေ၏။ ထိုအချိန်မှာပင် ချူးရှန်၏ နားထဲသို့ သေးငယ်စူးရှသော စကားသံတစ်သံ ဝင်လာသည်။ လျှို့ဝှက် အသံပို့နည်းဖြင့် ပြောလိုက်သော လျှို့ဝှက်အသံရှင်၏ စကားသံပင်ဖြစ်၏။

'ချူးရှန် အိမ်ရှေ့လသာဆောင်မှာ ဆေးပုလင်း





တစ်လုံးရှိတယ်။ ဆေးပုလင်းထဲက အညိုရောင် ဆေးသုံးလုံး စန့်ကွမ်းထင်းကို တိုက်လိုက်ပါ။ ပျားဒေဝီရဲ့ အဆိပ်ကိုနိုင်တာ ဒီဆေးပဲရှိတယ်။ မင်းတို့လဲ ဒီဆေးကိုကြို့ပြီး သောက်ထားကြပါ။ ပျားဒေဝီဟာ သိပ်အငြိုးကြီးတယ်။ သူ တစ်ခေါက် ပြန်လာလိမ့်မယ်'

လျှို့ဝှက်အသံကိုကြားသည်နှင့် ချူးရှန်အိမ်ရှေ့သို့ ကပျာကယာ ပြေးထွက်၏။ အိမ်ရှေ့တွင် ကြွေဘူးတစ်ဘူးကို တွေ့ရ၏။ ဘူးထဲတွင် အညိုရောင်ဆေးလုံးများ ရှိနေသည်။ ချူးရှန်က ဆေးဘူးကိုယူပြီး အိမ်ထဲသို့ ပြန်ဝင်ကာ စန့်ကွမ်းထင်းအား တိုက်သည်။ ပြီး သူကိုယ်တိုင် ဆေးလုံး တစ်လုံး သောက်ကာအိလန်၊ စင်းစင်းနှင့် ပိုးကျူးတို့အား ဆေးတိုက်၏။

'ဒီဆေး မင်းဘယ်ကရတာလဲ ချူးရှန်'

'လျှို့ဝှက်အသံရှင်က အသံပို့လွှတ်ပြီး ပြောလို့အိမ်ရှေ့က သွားယူလာတာ၊ သူ တိတ်တိတ်လာထားတဲ့ ဆေးပဲဖြစ်ပါတယ်။ သူက ပျားဒေဝီတစ်ခေါက် ပြန်လာဦးမယ်လို ပြောတယ်'

'အင်း ငါလဲ ပျားဒေဝီပြန်လာမယ်ဆိုတာ သိနေပါတယ်။ အခုအချိန်မှာ လျှို့ဝှက်အသံရှင်ဟာ အပြင်ကို ထွက်လာဖို့ ကောင်းပြီ'

ပိုးကျူးက ညည်းညည်းညူညူနှင့် ပြောသည်။ ထိုအချိန်တွင် အပြင်ဘက်မှ ခြောက်ကပ်ကပ်နိုင်သော ရယ်သံတစ်သံ ပေါ်လာသည်။

ရယ်သံကို ကြားသည်နှင့် ချူးရှန်တို့တစ်တွေ ခေါင်းထောင်ကြည့်ကြသည်။ ပိုးကျူးက ထိုင်ရာမှ ထလိုက်ပြီး...

'ဒါ ပျားဒေဝီပဲ'

'ဒေါ်ဒေါ်တို့ အိမ်ထဲမှာပဲနေပါ။ ကျွန်တော် ဒီတစ်ခါ သူ့ကို အပြတ်ရှင်းပါ့မယ်'

'မင်း သူနဲ့ရင်ဆိုင်တဲ့အခါမှာ တာမင်သိုင်းပညာကို အသုံးပြုပါလူလေး'

'ဗျာ ကျွန်တော် တာမင်သိုင်းပညာကိုမှ မတတ်ဘဲ'

'မင်းကို လျှို့ဝှက်အသံရှင်က သင်ပေးတာ တာမင်သိုင်းကျမ်းထဲက ပညာပဲ။ ဒါကို အသုံးပြု၊ နက္ခတ်ဓားနဲ့ဆိုပိုပြီး အစွမ်းထက်လိမ့်မယ်'

ချူးရှန်၏ စိတ်ထဲတွင် ထူးဆန်းသွားသည်။ သို့သော်သူက ပိုးကျူးအား မေးခွန်းဆက်ထုတ်မနေဘဲ ဓားဆွဲကာ အိမ်ရှေ့သို့ ပြေးထွက်လိုက်သည်။

အိမ်ရှေ့ မြေပြင်ပေါ်တွင် ပျားဒေဝီရောက်နေသည်။ သူက နက်မှောင်သော တောင်ဝှေးတစ်ချောင်းကို ကိုင်ပြီး





ရပ်နေ၏။ ချူးရှန်သည် ဓားကိုင်လျက်နှင့် ပျားဒေဝီရှေ့သို့ ခုန်ထွက်လိုက်လေ၏။

* * *

ပျားဒေဝီက ချူးရှန်အား မဟူရာတောင်ဝှေးဖြင့် ပြင်းထန်စွာ တိုက်ခိုက်သည်။ ချူးရှန်သည် သူတတ်မြောက်ထားရာဖြစ်သော တာမင်ဓားသိုင်းဖြင့် ပျားဒေဝီအား ပြန်လည်တိုက်ခိုက်၏။ ပျားဒေဝီက နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ရယ်မောလိုက်ပြီး မဟူရာတောင်ဝှေးအောက်ခြေမှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

"ထောင်း"ခနဲ မြည်သွားသံနှင့်အတူ မီးခိုးရောင်လူရိပ်တစ်ရိပ် ချူးရှန်၏ရှေ့သို့ ခုန်ပျံရောက်ရှိလာသည်။

'လူလေး သူ့ကို အလွတ်မပေးနဲ့'

မီးခိုးရောင်လူရိပ်သည် ချူးရှန်၏ရှေ့မှ ဖြတ်ပြေးပြီး မြေပြင်ပေါ်သို့ ထိုးကျသွားသည်။ ချူးရှန်က ဓားဖြင့် ပျားဒေဝီအား မိုးပြီး ခုတ်ချ၏။ ပျားဒေဝီက ဓားချက်ကို မဟူရာတောင်ဝှေးဖြင့် ခံသည်။ "ထန်း"ခနဲမည်သံနှင့်အတူ အလွန်မာကျောပုံရသော မဟူရာတောင်ဝှေး ထက်ပိုင်းပြတ်သွားသည်။ ဓားချက်သည် တောင်ဝှေးကို ဖြတ်ပြီးနောက် ပျားဒေဝီ၏ ကုပ်ပေါ်သို့ ကျသွား၏။ သွေးတွေ ရဲခနဲ ဖြာသွားလျက် ပျားဒေဝီရှေ့ကို မှောက်ကျသွားသည်။

'ချူးရှန် တုမုရန်ကို ကြည့်ဦး'

ရုတ်တရက် အော်ပြောလိုက်သံကြောင့် ချူးရှန် ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ပြီးမှ မြေပြင်ပေါ် လဲကျနေသော မီးခိုးရောင် ဝတ်စုံရှင်အား လှမ်းကြည့်သည်။ ထိုသူမှာ တုမုရန် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

'ဟင် ခင်ဗျားက လျှို့ဝှက်အသံရှင်လား'

တုမုရန်က သူ့ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ရှုံ့မဲ့လိုက်သည်။ ချူးရှန်မှာ တုမုရန်အနားသို့ မဝံ့မရဲ ကပ်သွား၏။ အိမ်ပေါ်မှ စင်းစင်း ပြေးဆင်းလာပြီး တုမုရန်အား ဖွေ့ချီသည်။

'ဖေဖေ ... ဖေဖေ'

'တုမုရန် ရှင် ဒီလိုနည်းနဲ့ မသေသင့်ပါဘူး။ ရှင်ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ'

တုမုရန် အားတင်းပြီး ပြုံးလိုက်၏။

'ငါ့အပြစ်တွေကို ဒီနည်းနဲ့ပဲ ဆေးကြောလို့ရတော့မယ်။ ချူးရှန်၊ ငါဟာ မင်းအမေအပေါ် တာဝန်မကျေခဲ့သလို မင်းအပေါ်လဲ တာဝန်မကျေခဲ့ဘူး။ ငါဟာ ဓားတစ်လက် လိုချင်တာနဲ့ မင်းအမေအပေါ် ရက်စက်မိခဲ့တယ်။ အခုတော့ အဲ့ဒါတွေအားလုံး ငါ့အတွက် အသုံးမဝင်တော့ဘူး'

'ခင်ဗျား... ခင်ဗျား...'





'ငါမှားခဲ့ပါတယ်။ ဒါကြောင့် ငါတတ်ထားတဲ့ တာမင်သိုင်းပညာကို မင်းအတွက် အမေပေးခဲ့တယ်။ မင်းကို မနီးမဝေးကနေ စောင့်ရှောက်နေခဲ့တယ်။ လူလေးသစ္စာဖောက် တွေကို သုတ်သင်ဖို့ ကြိုးစားပါ။ တစ်ပါး ကျွန်ဖြစ်နေတဲ့ ကျန်းယိမင်းကိုလဲ အကူအညီမပေးပါနဲ့။ မကြာခင် ဒီနေရာကို မျိုးချစ်သိုင်းသမားတွေ ရောက်လာပါလိမ့်မယ်။ သူတို့နဲ့ ပူးပေါင်းပြီး နယ်ချဲ့ရန်ကို ကာကွယ်ပါ။ မင်းနာမည်ကိုလဲ ဒီနေ့ကစပြီး တုချူးရှန်လို့ ပြောင်းလိုက်ပါ'

ချူးရှန်က တုမုရန်အား နားမလည်နိုင်စွာ ကြည့်နေသည်။ တုမုရန်သည် ချူးရှန်ထံသို့ လက်တစ်ဖက် ဆန့်တန်းလိုက်၏။

'ငါဟာ အဆိပ်ဘုရင်လက်ချက်နဲ့ သေရမယ့်လူမို့ အခုလို အသက်စွန့်လိုက်တာပါ။ ငါ့အတွက် ဘယ်သူမှ သောက မရောက်ပါနဲ့။ ငါဟာ...'

တုမုရန်မှာ စကားဆုံးအောင် မပြောနိုင်ဘဲ ဇက်ကျိုးကျသွား၏။ ချူးရှန်က တုမုရန်အား ငိုင်တွေစွာကြည့်နေသည်။

'ချူးရှန် ဒါ မင်းရဲ့အဖေပဲ။ သူ့ကို ကန်တော့လိုက်'

ပိုးကျူး၏စကားက ချူးရှန်၏ရင်ကို ပြင်းထန်စွာ

လှုပ်ရှားသွားစေ၏။သူ၏ခေါင်းထဲတွင် မိုက်ခနဲဖြစ်ပြီး တုမုရန်၏ခြေရင်း၌ ခေါင်းစိုက်ကျသွား၏။

'ဖေဖေ ဖေဖေ'

'အစ်ကို သတိထားပါ။ အစ်ကို့အဖေ၊ ကျွန်မရဲ့မွေးစားဖေဖေ အသက်မရှိတော့ပါဘူး။ သူ မှာခဲ့တဲ့အတိုင်း နယ်ချဲ့ကို တော်လှန်ဖို့ အခုအချိန်ကစပြီး ဆုံးဖြတ်ပါတော့'

စင်းစင်းက ချူးရှန်၏ ပခုံးကို ညင်သာစွာဆုပ်ကိုင်ရင်း ပြောသည်။ ပိုးကျူးမှာ သူတို့ကို မျက်ရည် အဝိုင်းသားနှင့် ကြည့်နေ၏။အိမ်ထဲမှနေ၍ စန့်ကွမ်းထင်းကို တွဲပြီး ထွက်လာသော အိုလန်မှာ အောက်သို့ မဆင်းတော့ဘဲ ရပ်လိုက်လေသည်။

'အစ်ကို'

'အစ်ကို ဆုံးဖြတ်လိုက်ပါပြီ။ ဟောဟိုမှာ စန့်ကွမ်းထင်း သတိရလာပြီ။ အစ်ကိုတို့တစ်တွေ လက်တွဲပြီး တိုက်ပွဲ ဝင်ကြတာပေါ့'

ချူးရှန်က နက္ခတ်မားကို တင်းတင်းဆုပ်ပြီး ပြောလိုက်လေသတည်း။ ။

**ပြီးပါပြီ။**

ရဲမင်းဟိန်း